
# သခင့်စကား
## The LORD's Word

မင်းအောင်သက်လွင်စီစဉ်ထုတ်ဝေသည် ဝိညာဉ်ရေးရာစာစောင်

A HAPPY NEW YEAR

ငါ့မူကား ထာဝရဘုရားကို မြော်လင့်မည်၊
ငါ့ကို ကယ်တင်တော်မူသော ဘုရားသခင်ကို
ငါ ခိုလှုံမည်၊ ငါ၏ ဘုရားသခင်သည်
ငါ့စကားကို နားထောင်တော်မူမည်၊ မိက္ခာ ၇း ၇




အမှတ်စဉ် (၁၃၇) ဇန်နဝါရီ ၂၀၁၃ ခုနှစ် စမ္ပဒါန (လစဉ် ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ ဖြန့်ချိသည် ) ၂၀၀၁ ခုနှစ်တွင် တည်ထောင်သည်။ Est; September 2001

## နှစ်သစ်ကိုကြိုဆိုခြင်း



နှစ်သစ်ကိုကြိုဆိုခြင်း

နှစ်သစ်တဲ့ လူတိုင်းက ရင်ခုန် မျှော်လင့်ကာကြိုဆို
ပျော်ရွှင်ပုံလည်း မတူညီကြပါဘူး အချို့က စည်ဘီယာ
အချို့က မဒီ ကညာနှင့် သောက်စားမူးယစ် ခုန်ကာဟစ်လျှက်
ပျော်လိုက်သည်မှာ ညလုံးပေါက်။ သခင်ဘုရားလည်း ချောင်ကို ရောက်သည်
လောကသားတို့ရဲ့ နှစ်သစ် ကြိုဆိုခြင်းရဲ့ အခန်းဆက်။

နှစ်သစ်တဲ့ လူတိုင်းက ရင်ခုန်မျှော်လင့်ကာ ကြိုဆို
ဆက်ကပ်ပုံလည်း မတူညီကြပါဘူး အချို့က ကတိသစ္စာ
အချို့ ဆုံးဖြတ်ချက်မဟာနှင့် ဂုဏ်တော်တေးကျူး
ကတိသစ္စာ လှိုင်လှိုင်ဦးလျှက် နှစ်သစ်ဦးခါ မလွန်ခင်ဘူး
ကတိသစ္စာလည်း နှင်းသို့ ပျောက်သည်
အမည်ခံတချို့ရဲ့ နှစ်သစ် ကြိုဆိုခြင်းရဲ့ အခန်းဆက်။



နှစ်သစ်တဲ့ ငါတို့လည်း ရင်ခုန် သမ္မာကျမ်းနှင့်အညီ
ဆက်ကပ်ရန် ကြံစည်တော့ လာခဲ့ ငါ့ထံ ချမ်းသာစေကန် ပေးမည်အမှန်တဲ့
မွတ်သိပ်ဝိညာဉ် ကြွယ်ဝခြင်းလည်း ပေးမည် အစဉ်တဲ့
ချီးမွမ်းဧကျူး နှစ်ဟောင်းတွေကို အောက်မေ့ရေစဉ်
ဝမ်းမြောက် မျက်ရည်ရစ်ဝေသီသည် နှစ်သစ်တံခါးလည်း
ငါတို့ ဝင်အရောက် ကောင်းကြီးတွေလည်း ဖြိုးလျှံမောက်။ **ဆယ်မြူရယ်စိုးလွင်**

---

## ကဗျာ

ကဗျာ (ss.john)




မနက်စောစော အိပ်ရာက ထ အလုပ်ကိုပြေး
လုပ်စရာ များလွန်းလို့ ကိုယ်တော့်ထံ ဆုတောင်းဘို့ အချိန်မရ။
ပြဿနာများစွာ ရင်ဆိုင်ရချိန်
ကိုယ်တော် ဘာကြောင့် မကူညီရတာလဲ သံသယ အတွေးဝင်
ကိုယ်တော်ရဲ့အဖြေ "သား မင်းတခါမှ အကူအညီ မတောင်းခဲ့လို့ ပါတဲ့" ။
ပျော်ရွှင်ခြင်းနဲ့ ငြိမ်သက်ခြင်း မြင်တွေ့ ချင်လဲ
တစ်နေ့ တာအလုပ်တွေနဲ့ ပီ အောင်မြင်မှုနောက်ကို လိုက်လို့
နေ့ ရက်တိုင်းမှာ မျှော်လင့်ခြင်းမဲ့ချိန် ကိုယ်တော်ဘာ့ကြောင့်
ငြိမ်သက်ခြင်းကို တွေ့ခွင့်မပေးတာလဲ သံသယအတွေးဝင်။
ကိုယ်တော်ရဲ့အဖြေ"သား မင်းမရှာခဲ့လို့ ပါ တဲ့" ။
ကိုယ်တော်ရှိတဲ့နေရာ အရောက်လာဖို့
ကိုယ့်အားကိုယ်ကိုး ကိုယ့်ကိုယ်ကိုအထင်ကြီးလို့
ကိုယ်ပိုင် သော့တွေနဲ့ တံခါးကိုဖွင့်ဘို့ ကြိုးစား
ကိုယ်တော် ဘာကြောင့် တံခါးမဖွင့်ပေး သံသယ အတွေးဝင်
ကိုယ်တော့ရဲ့အဖြေ" သား မင်းတစ်ခါမှ တံခါး မခေါက်ခဲ့ဘူးတဲ့" ။



ဒီမနက်စောစော အိပ်ယာက ထ ၊ တစ်နေ့ တာဆိုတဲ့ အစ အလုပ်ထဲ မဂင်သေးခင်
လောကီအလုပ်ကို နောက်မှာထားလို့ မမေ့မလျော့ သခင့်စကား ရင်ထဲမှတ်ကာ
ကိုယ်တော့်ရှေ့ကို ဒူးထောက်လို့ ဆုတောင်း။ မဿဲ ၇:၇-၈
တောင်းကြလော့။ တောင်းလျှင်ရမည်။ ရှာကြလော့။ ရှာလျှင်တွေ့မည်။
တံခါးကိုခေါက်ကြလော့။ ခေါက်လျှင်ဖွင့်မည်။
တောင်းသောသူ မည်သည်ကား ရ၏။ ရှာသောသူလည်း တွေ့၏။
ခေါက်သော သူအားလည်း တံခါးကိုဖွင့်၏။

---

## ငမိုက်လူသားဘဝ



ခွင့်လွှတ်ပေးပါ "ငမိုက်လူသားဘဝ"
စိတ် ၊ ခန္ဓာ ၊ တွေးတော နှလုံးသား ၊ အဂီစီ အဆုံးတိုင်
လောက ပန်းဂတ်ရည်များ ၊ သောက်သုံး ပျော်မွေ့လျက်နေ ။
အစဉ် ငြင်းပယ်မြဲ ၊ တခုလေမျှ မထမ်းဆောင်နိုင်
တန်ဖိုးရှိတဲ့ အချိန် ၊ ငယ်ရွယ်နပျိုစဉ်ကာလ ၊
သခင့် အတွက် မပေးအပ် ၊ ပျော်လွန်ခဲ့ပေါ့ လောက ကမ္ဘာဂယ် ။
ပျော်ရွှင်မှု ၊ ငြိမ်သက်မှု ၊ ဝမ်းသာမှုတို့ ကေန်အမှန် မပြည့်စုံနိုင်ခဲ့လေ။
သခင့်ကောင်းကြီး ၊ သနားကရုဏာ ၊ ရင်တွင်းနှလုံးသားမှာ
သိမှတ်နေပေမဲ့ ၊ ပျော်ဖွယ် လောက ခဏတာ ၊ ခိုင်မာနှလုံးသား
ပျော်မြဲပျော် ၊ လျှောက်မြဲ လျှောက်နေခဲ့ ၊



နောင်တ နှလုံးသားမျက်ရည်၊ စီးဆင်းခဲ့ပြီ။ ခွင့်လွှတ်ပေးပါ သခင်၊ ခွင့်လွှတ်ပေးပါ။
သခင်နှင့်ဝေးရာ လေလွင့်ခဲ့ ၊ အသက်တာမှာ သခင့်ဖို့
မပေးအပ်ခဲ့ ငမိုက်လူသားဘဝ ၊ သခင့်ရုပ် အသွင်
နောက်တဖန် ပြသ ပေးသနားတော်မူပါ ။
အသက်တာမှာ သခင့်အတွက် ၊ အသက်ရှင် လျှောက်လှမ်းနိုင်ဖို့
ခွင့်လွှတ် လမ်းပြပေးပါ သခင် ၊ ကိုယ်တော်ရှင်ရယ်။ **F. Penny (Mizo) တမူး**

---

## သခင်

**သခင်** *ဆောင်းဦး*



မွန်းကြပ်နေတဲ့ ရင်ခွင်တစ်ခု ပိတ်လောင်ခံစား
တိုက်ခန်းအောက်က ကျွန်မ တို့လို အိမ်ဖော်တွေရဲ့
သုည တွေထိ ကျရောက်သွားတဲ့ စိတ်ဓာတ် ခွန်အား
တိုးကာ ပေးသော သခင့်စကား ကျေးဇူးကမ္ဘာပါ ..

---

## ဈောင့်နေသူ

*လမ်းကျဉ်းလေးထဲက စောင့်နေသူ*

ယုယ ပိုက်ထွေးပါ ပြောပြီး ငါ့ရင်ခွင်ထဲက လူးလွန့်ထွက်ပြေးသွားတဲ့
ငါးရှဉ့်တစ်ကောင်ဟာ ဘယ်သူလဲ...ဓါတ်ပြားဟောင်း တစ်ပုဒ်ပမာ
ပန်းကြွေခြင်း အဘိဓမ္မာကိုပဲ လူရာဝင်အောင် ကြော်ငြာ ရိုက်ပြစရာမှ မလိုတာ
နှလုံးသားတွေက စကားလုံးလောက်မှ မထွားတာ အခက်သားကလား.....။
နေခြည်နမှာ ထွေးဥခဲ့တဲ့ မင်းအပြုံးတွေ ဓမ္မဟောင်းခေတ်ထဲက ရုန်းမထွက်နိုင်သေး
ခနဲ့လုံးနဲ့ ထုံမွှန်းထားတဲ့ ပညာသည် ဝေါဟာရ
မင်းလောက်မှ မကြွယ်ဝတာ ငါ့အပြစ်လားကွယ်.........။
ငါဟာ လမ်းခရီးဖြစ်တယ်လို့ ပြောထားပြီးသားပဲ ဒါပေမဲ့...မင်းကတော့....
ကြက်ဥ၊ ဖန်ခွက်၊ မုန့်လေပွေတို့နဲ့ မှန်လုံအိမ်ထဲမှာ.....
ထွေပစ် ကစားလို့ ကောင်းနေတုံးပဲနော်...။ ။ **ဝင်းမြင့်ဦး**

---

## ရင်ထဲက


**ရင်ထဲက X'mas** *ပေါ်မီး (ခ) သန်းသန်းငွေး ( ကဿာလီဆူနစ်ခြင်းအသင်းတော် )*

X'mas ရောက်လို့လာပြီနော် ဂမ်းမြောက်ရွှင်လန်း ကြိုဆိုကွယ်
အငယ်ဆုံးသော သူတွေအတွက် ကယ်တင်ပိုင်ရှင် ဖွားမြင်ခဲ့။
S'pore က ဒီဇင်ဘာနှင်းတွေ ပျောက်လို့ မိုးတွေရွာ
ဒါပေမယ့်လည်း စိတ်နှလုံးကား ကိုယ်တော်ကိုကွယ် ချီးမွမ်းဆဲ ။
ဘုရားကျောင်းက ခေါင်းလောင်းသံ သာယာညင်သာ အချိန်မှန်
ပျင်းမနေနဲ့ မိတ်ဆွေများ တရားတော်ကို နာစို့လား။

---

## Game

**Game** Little Lamb



ယနေ့ခေတ် လူတော်တော်များများဟာ game ကိုစိတ်ဂင်စားစွာ ကစားနေကြတာကို နေရာတိုင်းမှာ တွေ့နိုင်ပါတယ်။ ချစ်သော ယုံကြည်သူတွေကော game ကစား ကြပါသလား။ ကစားချင်ရင်တော့ ဒီgame အသစ်လေးကို မြည်းစမ်း ကစားဖို့ တိုက်တွန်းလို ပါတယ်။ ဒီ game လေးက အတော့်ကို ခက်ခဲပါတယ်။ ဂိညာဉ် ရေးရာနဲ့ ဆိုင်တဲ့ အတွက် သခင်ယေရှု အကူအညီမပါရင် သင်ဟာဘယ်လောက်ပင် ဉာဏ် ကောင်းနေပါစေ သေချာရှုံးနိုင်ပါတယ်။ ဒီgame ကို နိုင်ဖို့ အတွက် သင့်ရဲ့ မာနတွေ၊ ဂုဏ်တွေ၊ စည်းစိမ်းတွေ အပေါ် ယစ်မူးတွယ်တာခြင်းကို စွန့်ပြီ သခင်ကို ဆရာတင်



# ပျော်ရွှင်သောနှစ်သစ်မင်္ဂလာဖြစ်ပါစေ

သခင်ယေရှုရဲ့ သက်တော်စဉ်ကို အတုယူ သတိနဲ့ လေ့ကျင့်၊ သင်ယူရမှာ ဖြစ်ပါတယ်။ အစပိုင်းမှာ သင်ဟာ ဆက်မစားချင်လောက်အောင် ပြိုင်ဖက်က သင့်ကို ဖိအား ပေးမှာပါ။ သို့သော်လည်း သင်နိုင်ခဲ့မယ် ဆိုရင် ကောင်းကင်နိုင်ငံကို ဝင်နိုင်မည် ဖြစ်ပြီးတော့ ရှုံးခဲ့ရင် ငရဲကို သွားရမှာဖြစ်ပါတယ်။ ကြေးက အလွန် ပြတ်သားတဲ့ ဒီ game လေးရဲ့ ကစားနည်းလေးကတော့ သင်ဟာ " တနေ့တာလုံး ပျော်ရွှင်စွာ နေရမှာပါ " သင်ရဲ့ ပြိုင်ဘက်က လောကကို အစိုးရတဲ့ လောကသခင် စာတန် ဖြစ်ပါတယ်။ လိုအပ်တဲ့ ပစ္စည်းကတော့ နောက်ဆုံးပေါ် လူတီထွင်တဲ့ ကိရိယာ စက်တွေ မလိုပါဘူး။ သင့်မှာ Calendar တစ်ခုရှိရင် လုံလောက်ပါတယ်။ သင့်ရဲ့ တစ်နေ့တာ ပျော်ရွှင်ခြင်း၊ ဝမ်းနည်းခြင်းကို Calendar မှာ အမှန်အမှား ခြစ်ထားခြင်း ဖြင့် မှတ်သားထားပါ။ နေ့တိုင်းပြုရမှာ ဖြစ်ပါတယ်။ သင့်စိတ်ကို သင် မလိမ် ဖို့တော့ သင် စောင့်ထိန်းရပါမယ်။ သင့်စိတ်ကို သင် လိမ်ခဲ့ရင်တောင် သခင်ယေရှုကို လိမ်လို့ မရဘူး ဆိုတာ အမြဲ သတိရပါမယ်။ အကယ်၍ သင် Calendar မှာ အမှားတွေ များနေ ရင် ဆုတောင်းခြင်းဖြင့် အကူအညီ ရယူနိုင်ပါတယ်။ ဒီ game လေးရဲ့ စည်းမျဉ်း စည်းကမ်း ကတော့ တစ်နေ့တာ ပျော်ရွှင်စွာ နေရမယ် ဆိုရာ၌ သင်စိတ် ပျော်ရွှင် အောင် လောက ပျော်ရွှင်ခြင်းတွေကို ရှာခိုင်းတာ မဟုတ်ပါဘူး။ သခင်ယေရှု ချမှတ် ထားတဲ့ ပညတ်အတိုင်း လိုက်လျှောက် အသက်ရှင်ခြင်း အားဖြင့် ပျော်ရွှင်အောင် နေရမှာဖြစ်ပါတယ်။ "ပထမ အချက်အနေနဲ့" ရှင်မာကု ၁၂ း ၃၀ "သင်၏ ဘုရားသခင် ထာဝရ ဘုရားကို စိတ်နလုံးအကြွင်းမဲ့ ၊ ဉာဏ်ရှိသမျှ အစွမ်းသတ္တိ ရှိသမျှနှင့် ချစ်လော့။ ဤပညတ်သည် ပထမ ပညတ်ဖြစ်၏" သင်ဟာ ထာဝရဘုရား သခင်ကို စိတ်နလုံး အကြွင်းမဲ့ ချစ်တာလားလို့မေးခဲ့ရင် သင်ဟာ ချက်ခြင်းချစ်တာပါ။ ချစ်လွန်းလို့ ငါ အပါတ်တိုင်း ဘုရားကျောင်းသွားတယ်။ ကျမ်းစာ ဖတ်တယ်ဟု ဖြေကောင်း ဖြေနိုင် ပါတယ်။ ဒါပေမဲ့ သခင်က သူ့တပည့် ပေတရု ကို သူ့ကိုချစ်ရင် သူ့ရဲ့ သိုးတွေကို ကျွေးမွေးလော့ တဲ့ သခင့်ရဲ့ သိုးတွေ လမ်းမှားနေတုန်း သင်ကိုယ်ကျိုးစွန့်ပြီ၊ လမ်း ကြောင်း ပေးဖူးပါသလား။ သခင်ကတော့ သင် ကောင်းကင်နိုင်ငံ လမ်းမှန် ရောက် ဖို့အတွက် အသက်စွန့်ဖူးပါတယ်။ သခင့်ရဲ့ သိုးတွေ ဆာလောင်နေချိန် သင်ကျွေးမွေး ဖူးပါသလား။ သခင်ကတော့ သင့်အတွက် အစာရှောင် ဆုတောင်း ဖူးပါတယ်။ သခင်ကို စိတ်နလုံးအကြွင်းမဲ့ ချစ်ပါမယ်လို့ သင် ဝန်ခံနိုင်ရင်တော့ သခင်ပေးတဲ့ ဆု ကျေးဇူး တွေကို သင်တစ်ယောက်တည်း အတွက် မသုံးဘဲ သခင့်သိုးတွေနဲ့ အတူမျှဝေ ခံစားခြင်းဖြင့် သင့်တစ်နေ့တာ ပျော်ရွှင်နိုင်ပါတယ်။ ဒါပေမဲ့ နလုံးသားကလာတဲ့ စစ်မှန် တဲ့ ပျော်ရွှင်မှုဖြစ်ပါစေ။ ဉာဏ်ရှိသမျှ၊ အစွမ်း သတ္တိ ရှိသမျှလို့ ဆိုတဲ့နေရာမှာ သမ္မာ ကျမ်းစာ အပေါ် ယုံကြည်မှုနဲ့ တိုင်းတာနိုင်ပါတယ်။ သင်ဟာ စိုးရိမ်တတ်သူလား၊ မဟုတ်ဘူးလို့တော့ သင် မငြင်းနိုင်ပါဘူး။ လူတွေဟာ စိုးရိမ်စိတ်တွေ ကြီးမားလွန်းလို့ သခင့်စကား မေ့နေတတ်ကြတာပါ။ တလေ့တည်း ယေရှု အတူ ရှိနေတာတောင် သေမှာ စိုးရိမ်လို့ သခင့်ကို အိပ်ရေးပျက်စေခဲ့တယ်။ အဖမ်း ခံရမှာ စိုးလို့ သခင့်ကို ပေတရု ငြင်းပယ် ဖူးတာပဲ။ သူတို့တောင် စိုးရိမ်သေးတာ ယနေ့ ခေတ် ယုံကြည်သူတွေ စိုးရိမ်တာ အပြစ်မဆိုချင်ပါဘူးလေ။ ဒါပေမဲ့ မဿဲ ၆း၂၇ " အဘယ် သူသည် စိုးရိမ်ခြင်းအားဖြင့် မိမိအသက်တာကို တစ်တောင်ခန့်မျှ တိုးပွား စေနိုင်သနည်း " စိုးရိမ်တတ်သောသူကို သခင်က ယုံကြည်ခြင်း အားနည်းသူလို့ အသေ အချာ ပြောခဲ့ပါသေးတယ်။ သင်ဟာ စိုးရိမ်နေပြီ ဆိုရင်တော့ သင့်ဉာဏ်၊ သင်ရဲ့ အစွမ်းသတ္တိဟာ အင်မတန်ကို ဆင်းရဲတယ်လို့ ဆိုချင်ပါတယ်။ ရှင်ယောဟန် ၁၄း၁ " တဖန်တုံ ယေရှုက သင်တို့ စိတ်နလုံး ပူပန်ခြင်း မရှိစေနှင့် ဘုရားသခင်ကို ယုံကြလော့ ငါကိုလည်း ယုံကြည်ကြလော့" သင်ဟာ ဉာဏ်ကောင်းသူ အစွမ်း သတ္တိ ရှိသူ ဆိုရင်တော့ ကျမ်း စကားကို ယုံပြီး စိုးရိမ်မှု ကင်းရှင်း အရာရာ ငြိမ်သက်မှု ရှိကာ နေ့ရက်တိုင်း ပျော်ရွှင်မှုကို ပိုင်ဆိုင် နိုင်မှာပါ။ ဒုတိယ အချက်ကတော့ ရှင်မာကု ၁၂း၃၁ " ထိုမှတစ်ပါး ကိုယ်နှင့် စပ်ဆိုင်သော သူကို ကိုယ်နှင့် အမျှ ချစ်လော့ ဟူသော ဒုတိယ ပညတ်သည် ပထမ ပညတ်နှင့် သဘောတူ၏။ ဤပညတ်တို့ထက် သာ၍ ကြီးမြတ်သော ပညတ် မရှိ" လူမှန် သမျှဟာ ကိုယ်နဲ့ စပ်ဆိုင်တဲ့ လူပါ။ ကိုယ်နှင့် အမျှ ချစ်လော့တဲ့ "ဟူး" တော်တော်တော့ မလွယ်ဘူးနော်။ သခင်က သင့်အတွက် အသက် စွန့်ခဲ့တယ်။ သူ့လောက် ကောင်းမြတ်တဲ့သူ မရှိဘူး။ သင့်ကို ဖန်ဆင်းခဲ့တယ်။ ကောင်း ကင် နိုင်ငံမှာလည်း သင့်အတွက် အိမ်ဆောက်ပေးနေတယ်။ သင်လိုချင်တာ မှန်သမျှ သူပေးနိုင်တယ်။ သူ့ကို ချစ်တာ သင်အမြတ်ကြီးဘဲ။ အရှုံး မရှိဘူး။ ဒါပေမဲ့ လူကျတော့ မတူတော့ဘူး။ သင်မှားရင် သင့်ကို အပြစ်တင်မယ်၊ အတင်းပြောမယ်။ သင် ချမ်းသာ နေရင်၊ အောင်မြင်နေရင်၊ အဆင်ပြေရင် သင့်ကို မနာလိုဖြစ်မယ်။ သင်ဆင်းရဲရင် သင့်ကို အရာ မသွင်းချင်ဘူး။ သင်ကောင်းတာ လုပ်လည်း အရေးမစိုက်ဘူး။ ဒုစရိုက် တွေ ပြည့်နေတဲ့ လူကို သင်ဘယ်လို ချစ်နိုင်မှာလဲ။ သခင်ကတော့ ကိုယ်နှင့် အမျှတောင် ချစ်ပါတဲ့။ ပါးစပ်ကတော့ ချစ်ပါလျှက် နလုံးသားမှာတော့ အပြစ်တင် နေသလား မိတ်ဆွေ။ ဘယ်လိုပင် ဆိုးနေမှာပါစေ သခင့်ကို ချစ်သည့်နည်းတူ ချစ်ဘို့ မှာထား ပါတယ်။ ကိုယ်က ကောင်းကင်နိုင်ငံဝင်ဖို့ သေချာသော လမ်းခရီးကို တွေ့ထား ပါသော်လည်း ကိုယ်နှင့် စပ်ဆိုင်သူက လမ်းမှောင်မှာ လမ်းပျောက်နေပါက သင့်မှာ တာဝန် ရှိပါတယ်။ သင်ဟာ သင်နဲ့ မဆိုင်သလို နေနိုင်သူဆိုပါက သင့်မှာ တာဝန် ရှိပါတယ်။ သင်ဟာ သင်နဲ့ မဆိုင်သလို နေနိုင်ပါက သင့်နလုံးသားက ချစ်ခြင်းမေတ္တာ ခေါင်းပါး နေတယ်လို့ ဆိုချင်ပါတယ်။ ထိုသူကို ကိုယ်တော်အရိပ်ကို ခိုဝင်နိုင်အောင် သင် တနည်းနည်းနဲ့ ကူညီခဲ့မယ်ဆို သင်စစ်မှန်တဲ့ ပျော်ရွှင်မှုကို ပိုင်ဆိုင် နိုင်ပါလိမ့် မယ်။ ကိုယ်တော်ဟာ သူ့လူမျိုးတွေကို ဝမ်းမြောက်ပျော်ရွှင်စေပါတယ်။ သမ္မာကျမ်းစာ ၌ ပျော်ရွှင် ဝမ်းမြောက်ခြင်း အကြောင်း အလုံး (၉၀၀) ထက်မနဲ ရေးသားထားတာကို တွေ့ရပါတယ်။ (စာရေးသူ ရေးထားတာ မဟုတ်ပါ။ စာအုပ် တစ်အုပ်၌ ဖတ်ဖူးထား ကြောင်း ဝန်ခံပါသည်) ဒီလိုဆိုတော့ ဘုရားရှင်ဟာ ယုံကြည်သူတွေကို ပျော်ရွှင် စေ ချင်တာ သိသာနေပါတယ်။ သခင်ရဲ့ ပညတ်ကိုတော့ လိုက်နာနိုင်ပါတယ် ဒါပေမဲ့ သင့်ရဲ့ နလုံးသားဟာ မပျော်ရွှင်နေဘူးဆို သင်တခုခု မှားနေတယ်ဆိုတာ သေချာပါ တယ်။ သင့်စိတ်ကို သင်သိစေမဲ့ ပျော်ရွှင်ခြင်း game ကို သင် ကစားသင့်တယ် လို့ထင် ပါတယ်။

ပြိုင်ဘက် စာတန်ကို အနိုင်ယူဖို့ သခင့်ကို သင်ချစ်ဖို့၊ ယုံဖို့နှင့် ကိုယ်နှင့် စပ်ဆိုင်သော သူကို ကိုယ်နှင့် အမျှ ချစ်နိုင်ရန် သင့်နလုံးသား ရင့်ကျက်လာရန် မွေးမြူ ရပါမယ်။ သင့် Calendar မှာ အမှန်တွေ ပြည့်နေဖို့ ဆုမွန်ကောင်း တောင်းလိုက် ပါတယ်။ ရှင်မာကု ၁၂း၃၂-၃၄ ကျမ်းပြုဆရာကလည်း အရှင်ဘုရား အကယ်စင်စစ် ကိုယ်တော်သည် လျောက်ပတ်စွာ မိန့်တော်မူပြီ ဘုရားသခင် တစ်ဆူတည်း ရှိတော် မူ၏။ ထိုမှတစ်ပါး အခြားသောဘုရားမရှိ၊ ထိုဘုရားသခင်ကို စိတ်နလုံးအကြွင်းမဲ့ ဉာဏ် ရှိသမျှ၊ အစွမ်းသတ္တိရှိသမျှနှင့် ချစ်ခြင်း၊ ကိုယ်နှင့်စပ်ဆိုင်သော သူတို့ကိုလည်း ကိုယ် နှင့် အမျှ ချစ်ခြင်းအကျင့်သည် မီးရှို့သော ယဇ်ကောင်မှစ၍ ယဇ်အမျိုးမျိုးကို ပူဇော် ခြင်း အကျင့်ထက်သာ၍ မြတ်ပါသည် ဟုလျှောက်လေ၏။ ထိုသို့ ပညာသတိနှင့် ပြန်လျှောက်သည်ကို ယေရှုသည် သိမြင်လျှင် သင်သည် ဘုရားသခင်၏ နိုင်ငံတော်နှင့် မဝေးဟု မိန့်တော်မူ၏။ ။ ချစ်ခြင်းအားဖြင့် - **Little Lamb**



# ဆုတောင်း ------------------------------------------

**ဆုတောင်းလျှက်စောင့်နေ** HTOKIE ( ခေတ္တ စင်္ကာပူ )

(ရှင်မာကုခရစ်ဝင် ၁၄း၃၄-၄၀) အထိကို ဖတ်ကြည့်မယ် ဆိုရင် သခင် ခရစ် တော်ဟာ သေလောက်အောင် နလုံးပူပန်ညှိုးငယ် နေ ချိန်မှာ ပေတရု၊ ယာကုပ်၊ ယောဟန် တို့ကို ဆုတောင်းလျှက် စောင့် နေ ကြဘို့ မှာထားပါတယ်။ သခင်က ခမည်း တော်ထံ ဆုတောင်းပြီး ပြန်လာ တဲ့အခါ တပည့်တော်တွေ နှစ်ချိုက်စွာ အိပ်ပျော် နေတာကို မြင်တော့ သင်တို့သည် စုံစမ်း နှောင့်ယှက်ခြင်းနှင့် ကင်းဘို့ ဆုတောင်းလျှက် စောင့်နေကြဘို့ ထပ်မှာ သွားပြန်တယ်။ ဒါပေမဲ့ သုံးကြိမ်မြောက်အောင် မှာထား သော်လည်း သူတို့ရဲ့ မျက်စိ တွေ လေးလံပြီး အိပ်ပျော် ကြတယ်လို့ ဆိုထားပါတယ်။

လွန်ခဲ့သော ၁၈ နှစ်တုန်းက ကျွန်မရဲ့ အဖြစ်အပျက် တစ်ခုကို သတိရပါတယ်။ အဲဒီတုန်းက ကျွန်မက အလယ်တန်းပြ ဆရာမ တစ်ယောက်ဖြစ်ပါတယ်။ ကျွန်မဟာ ငယ်ငယ် ကတည်းက ကျန်းမာရေး ချူခြာလို့ အအိပ် သိပ်မက်ပါတယ်။ အိပ်ချင်ရင် ကမ္ဘာကြီးဘဲ ပျက်နေအုံးတော့ အိပ်ရမှ။ နို့မို့ဆိုရင် ငြီးငြူ ငိုယိုနေတာနဲ့ ကျွန်မ မိသားစုဝင်တွေက ကျွန်မကို သူငယ်နာ ရှိတယ်လို့ ခံယူထားကြတာမို့၊ ငပျော့လေး၊ ငပိန်လေး ဆိုပြီး ခွင့်လွှတ်ထား ကြပါတယ်။ ကျွန်မတို့ မိသားစုတွေ အိမ်မှာ မရှိတဲ့ အချိန် ကျွန်မတစ်ဦးတည်း အိမ်မှာရှိချိန်ပေါ့ .. သင်းအုပ်ဆရာ ဆရာ ဦးလရှမ်း နော် ဆိုတာ လာလည်ပါတယ်။ ဆရာနဲ့ ကျွန်မ ညနေစာ စားသောက်ပြီး စကားတွေ အကြာ ကြီး ပြောကြပါတယ် အိပ်ယာဝင်ခါနီး ဘုရားရှစ်ခိုးတော့ ဆရာက ဆုတောင်း ပါတယ်။ ဆရာက ကချင်လူမျိုးဖြစ်တဲ့ အတွက် စကားသံဂဲဂဲလေးနဲ့ ဆုတောင်း နေတာ.. ကျွန်မ ၁၅ မိနစ်ခန့်လောက် အာရုံစိုက်ပြီးတဲ့နောက် ကျွန်မ ခုံရဲ့ လက်ကိုင်ပေါ်မှာ ခေါင်းငုံ့ပြီး နှစ်ချိုက်စွာ အိပ်ပျော်သွားပါတော့တယ်။ ဆရာက ကျွန်မ ပခုံးကို လာပုတ်ပြီး နိုးမှ ကျွန်မလည်း လန့်ဖျန့်ပြီး ရှက်ရှက်နဲ့ sorry ဘဲဆရာ၊ ကျွန်မ ဘာဖြစ်သွားလဲ မသိဘူး ဆိုပြီး အိမ်ထဲဝင်အိပ်တာ မျက်စိတော်တော်နဲ့ မမှိတ်နိုင်တော့ပါဘူး။ ကျွန်မ စဉ်းစား မိတယ်။ ပေတရု၊ ယောဟန်တို့က သခင့်ကို စောင့်ရင်းနဲ့ အိပ်ပျော်ကြတာ ကျွန်မက သခင်နဲ့ စကားပြောရင် အိပ်ပျော်သွားတာဆိုတော့ သူတို့တွေထက် ကျွန်မ အများကြီး



သခင့်စကား ဝိညာဉ်ရေးရာ စာစောင်။ အမှတ်စဉ် ၁၃၇ ။ ဇန်နဝါရီလ ၂၀၁၃ ခုနှစ်။
နိုင်ငံတကာမှ မြန်မာခရစ်ယာန် အသင်းတော်နှင့် မိတ်သဟာယများ အတွင်း အခမဲ့ ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။

ဆိုးပါတယ်။ ဒါပေမဲ့ ဘုရားသခင်လည်း ကျွန်မတို့ မိသားစု ပြောနေကျ "သူငယ်နာ ရှိလို့" ဆိုပြီး ခွင့်လွတ်ခဲ့တယ် ထင်ပါတယ်။ မှတ်သားလောက်တဲ့ နောင်တ ရမိတာ ၁ ကြိမ် ရှိပါသေးတယ်။ ကျွန်မတို့ ကျောင်းက ကျောင်းသားတချို့နဲ့ ဆရာ/မ တွေ လေထီးခုန် ကြိုဆိုပွဲကို နံနက် ၆း၃၀ မော်ဘီဘက်ကို အရောက် သွားရမှာ ဖြစ်လို့ ကျွန်မလည်း တာဝန်ကျတဲ့ အတွက် မနက်ဖြန်လို သွားရမှာဆို ကျွန်မက ညကတည်းက ခရီးသွားရင် လိုအပ်မဲ့ အရာတွေ ပြင်ဆင်ထားပါတယ်။ ကျောင်းနဲ့ ကျွန်မ အိမ်က ကပ်လျှက်ပါ။ ကျွန်မတို့ မနက် ၅နာရီတိတိ ကျောင်းရှေ့မှာ စောင့်ပြီး ကားနဲ့ သွားကြဖို့ ဖြစ်တယ်။ ကျွန်မ အိပ်ယာထ နောက်ကျမှာစိုးလို့။ ယူနီဖောင်းက အစ ထမင်းဘူး၊ ရေဘူး ပြင်ဆင်ပြီး အိပ်ပျော်သွားတာ ကျွန်မ အိပ်ယာလည်း နိုးရော ၆ နာရီထိုးသွားပါပြီ။ ကျွန်မ ပြင်ဆင်ထားတာတွေ မနက် ၉ နာရီကျောင်းတက်ဖို့ ဘဲဖြစ်ရပါတော့တယ်။ ကျမ်းစာထဲက သတိမရှိသော မင်္ဂလာဆောင် သတိုးသမီး ၅ဦးဟာ သတိုးသား ရောက်လာချိန်မှာဆီ အဆင်သင့် မရှိလို့ ဖြစ်ပေးမဲ့ ကျွန်မဘာဂကတော့ ဆီရှိပြီး အိပ်ပျော်သွားလို့ဖြစ်တဲ့ အတွက် ဆုံးရှုံးသွားတဲ့ အချိန်တွေကို ပြန်ရယူဘို့ မဖြစ်နိုင်တော့တဲ့ အဖြစ်မို့ ကျွန်မ နောင်တရမိပါတယ်။ ကျွန်မ စင်္ကာပူကို ၁၉၉၈ ခုနှစ်က အိမ်အလုပ်နဲ့ ရောက်လာတာ ယခုဆိုရင် ၁၄ နှစ်ပြည့်ခါနီးပြီးပေါ့။ အဲဒီတုန်းက ဒီ အအိပ်ကြီး အိပ်ပျော်တတ်တဲ့ ရောဂါနဲ့ ဒီအိမ်အလုပ်နဲ့တော့ ကျွန်မ ဒုက္ခ အကြီးအကျယ် တွေ့ပြီပေါ့။ အဖွားအိုလည်း ကြည့်ရမယ်။ ကလေးငယ်တွေကလည်း ရှိတော့ .. အိပ်ရေးဝဝ အိပ်ရမှာ မဟုတ်ဘူး ဆိုပြီး ကျွန်မ ဘုရားရှင်ကို အသည်းအသန် ဆုတောင်းခဲ့ပါတယ်။ ဘုရားရှင်က ကျွန်မ ဆုတောင်းသံကို နားညောင်းခဲ့ပါတယ်။ ည ၁၀ နာရီက မနက် ၅ နာရီ မှာ ထရတာမို့ ကျွန်မ အိပ်ရေးဝဝ အိပ်ခဲ့ရလို့ ယခုထိ ဒီအလုပ်ကို လုပ်ကိုင်နိုင်ခဲ့ခြင်းဖြစ်ပါတယ်။ အဓိက အဖွား ကျန်းမာရေး ကောင်းမှ.. အဖွားသာ နေထိုင် မကောင်းရင် ကျွန်မတော့ တညလုံး အိပ်ရမှာ မဟုတ်တော့ပါဘူး။ ဘာဖြစ်လို့လဲ ဆိုတော့ အဖွားက လေဖြတ်ထားတဲ့ သူမို့ ခြေတဖက်နဲ့ လက်တဖက် မသန်လို့ .. ညဘက်ဆိုရင် အပေါ့အပါး သွားတဲ့ အခါ .. ကွန်မကို ထူခိုင်းတဲ့ အတွက် တည တည သူအကြိမ်ပေါင်းများစွာ သွားတတ်တာမို့ .. ကျွန်မ သူ့အတွက် အထူး စပယ်ရှယ်ကို ဆုတောင်းပေးရပါတယ်။ သူ နေကောင်းရင် သူ့ဖာသာ သူ ထနိုင်တယ် .. သွားနိုင်တယ် .. သူ နေမကောင်းရင် ကျွန်မ သူ့ကို တွဲသွားရမို့ .. တညလုံး ကျွန်မ အိပ်ရေး ပျက်မယ် .. နေ့ခင်းကျတော့ ကလေးငယ်တွေရှိ အလုပ်သမားတွေရှိတော့ နားရချိန် မရှိတာမို့ .. ကျွန်မကို သနားပြီး အဖွားကို ကျန်းမာခြင်းပေးခဲ့တဲ့ ဘုရားရှင်ဟာ ကျွန်မ မခံစားနိုင်တဲ့ ဒုက္ခဝေဒနာကို ကျွန်မကို ပေးခဲ့တာ မတွေ့ခဲ့ရပါဘူး။ အဲဒီလောက် ကျေးဇူးတော်ကို ခံစားခဲ့ရပေမဲ့ ဒုက္ခဆင်းရဲနဲ့ ရင်ဆိုင်ရတဲ့ အခါဆို ဘုရားရှင်ကို ခြေသလုံးဖက် ကိုးစားဆုတောင်းတတ်ပြီး ကျမ်းစာဖတ်၊ ဆုတောင်းနဲ့ ဘုရားနဲ့ ပိုနီးစပ်ခဲ့ပေမဲ့။ ဒုက္ခနဲ့ ကင်းဝေးသွားတဲ့ အချိန်မှာ လူတွေနဲ့ဘဲ ပျော်ပျော်ပါးပါး စကားပြောချင်တဲ့ "အသိခေါက်ခက် အဝင်နက် " ဆိုတာမျိုးပေါ့။ မကောင်းမှန်း သိပေမဲ့ ကြိုက်တယ်ဆိုတဲ့ အကျင့်ဆိုး ရှိခဲ့ပါတယ်။ တစ်နေ့တနေ့ သူငယ်ချင်းတွေနဲ့ ဖုန်းပြောချိန်ဟာ အိမ်ရှင်တွေ အလုပ်သွားချိန်ကနေစပြီး ညနေ အိမ်ပြန်မရောက်ခင်ချိန်ထိ လိုလိုဘဲ။ အလုပ် လုပ်ရင်း နဲ့လည်း ပြောတယ်။ အစာ စားရင်းနဲ့လည်း ပြောတယ်။ ကျွန်မ ဘယ်တော့မှ မမော ပန်းဘူး။ ဘယ်တော့မှလည်း မအိပ်ငိုက်ဘူး။ ဒါပေမဲ့ ကျွန်မ ကျမ်းစာဖတ်၊ ဆုတောင်း ပြီးဆိုရင် ကျွန်မရဲ့ မျက်လုံးဟာ လေးလံထိုင်းမှိုင်ပြီး အိပ်ပျော်သွားမှာစိုးလို့ ဆုတောင်းချက်ကို အတတ်နိုင်ဆုံး လိုရင်းတိုရှင်း ရောက်ပြီး အမြန်ဆုံး အပြီးသတ် နိုင်အောင် ဆုတောင်းမှ .. နို့မို့ဆိုရင် တောင်းရင်း အိပ်ပျော် သွားတတ်လို့ တရေးနိုးမှ အဆုံးပြန်သတ် ရတတ်လို့လေ။ ကျွန်မရဲ့ ပေါ့ပေါ့ဆဆ အသက်ရှင်ခဲ့တဲ့ အပြစ်ဆိုး တွေကြောင့် ကျွန်မကို ဘုရားရှင်က ကြိမ်ကြီးကြီးနဲ့ ရိုက်နက်ဆုံးမခဲ့ပါတယ်။ ကြိမ်လုံး သေးရင် ကျွန်မ မဖြို ဘူးလေ။ ဒါကြောင့် ကြိမ်ကြီးကြီးနဲ့ ရိုက်ခဲ့တာ။ အလွန် နာကျင် ပါတယ်။ ဘုရားရိုက်တဲ့ ကြိမ်ဒဏ်ဟာ လူရိုက်တဲ့ ကြိမ်ဒဏ်ထက် နာကျင်ပါတယ်။ ကျွန်မ လုပ်ငန်းတွေ အဆုံး အရှုံးတွေနဲ့ ကြုံရတယ်။ ပလိုင်းပေါက်နဲ့ ဖားကောက် ဆိုသလို ငွေယိုပေါက်တွေ များလာတယ်။ မိသားစု မောင်နမတွေနဲ့ ကတောက်ကဆနဲ့ စကား များရတယ်။ လုပ်ဖော်ကိုင်ဖက် တဦးက US $5,000 လိမ်လည်ခဲ့တဲ့ အတွက် ကျွန်မ ဆောက်တည်ရာ မရအောင် ခံစားရပါတယ်။ ကျမ လူကောင်းပကတိက လူမမာ လိုဖြစ်သွားသလို အစာလည်းစားလို့ မဝင်။ အိပ်လို့လည်းမပျော် ဖြစ်သွားခဲ့ရပါတယ်။ ဒါပေမဲ့ ဘုရားရှင်ဟာ အနာကိုလည်း ဖြစ်စေတတ်သလို အနာကိုလည်း ငြိမ်းစေ တတ်တဲ့ ဘုရားဖြစ်ပါတယ်။ ဒုက္ခဆင်းရဲ ခြင်းနဲ့ တကွ ထွက်မြောက်ရာလမ်းကိုလည်း ပြင်ဆင် ထားပေးတဲ့ အတွက် ကျွန်မဟာ နောင်တနဲ့ ဘုရားရှင်ကို တောင်းပန် ဆုတောင်းတဲ့အခါ လူတွေကြံစည်လို့ မရနိုင်တဲ့ ငြိမ်သက်ခြင်း ဆုကျေးဇူးကို ကျွန်မ ပြန်လည် ရရှိခဲ့ပါတယ်။

ချစ်သော ညီအစ်ကို မောင်နမတို့ ကျွန်မတို့ကိုးကွယ်တဲ့ ဘုရားဟာဘုရားတကာတို့ရဲ့ ဘုရား၊ ဘုရင်တကာ တို့ရဲ့ ဘုရင်၊ အနတ္တ တန်ခိုးရှင် ဘုရားသခင် ဖြစ်ပါတယ်။ သူ့ကို ကိုးကွယ် ဝတ်ပြုဆုတောင်းတဲ့ အခါမှာ စိတ်နှလုံး အကြွင်းမဲ့ ရှိသေလေးစားစွာ ကိုးကွယ်ဂတ်ပြုရမှာ ဖြစ်တယ်။ သခင် ကျွန်မတို့ကို ဆုတောင်းပြီး စောင့်နေကြဖို့ အတန်တန် မှာသွားခဲ့တဲ့ အတွက် ကျွန်မကဲ့သို့ ငိုက်မြည်း အိပ်ပျော်စွာနဲ့ ပေါ့ဆစွာ အသက်ရှင်ပြီး မနေဘဲ မခြားမလပ်ဘဲ သခင်ပြန်လာချိန်ကို ဆုတောင်း ပဌနာပြု ပြီးစောင့်နေကြဘို့ တိုက်တွန်း နှိုးဆော်ရင်းနဲ့ ခရစ်တော်၏မေတ္တာဖြင့် - HTOKIE ( ခေတ္တ စင်္ကာပူ )

.........................................

# ငြိမ်သက်ခြင်း



## ဆုတောင်းခြင်းအားဖြင့်ငြိမ်သက်ခြင်း မနန်းခမ်း

ဤသခင့်စကားစာစောင်ရေးပြီး ဘုရားသခင်ထံ ကျွန်မတို့ ယုံကြည် ကိုးစားခြင်းအားဖြင့် ဆုတောင်းလျှင် သူဟာ ချက်ချင်း နားညောင်း တော်မူကြောင်း သက်သေခံလိုက်ပါတယ်။ လောက လူသားတွေ အယောက်စီတိုင်းက ဘုရားသခင်ရဲ့ ကျေးဇူးတော်ကို ခံစားကြတာပါ။ ဒါပေမဲ့ ဘုရားသခင်ရဲ့ ကောင်းကြီးမင်္ဂလာကို သက်သေခံဖို့ အတွက် လောကလူသား တော်တော်များများက ဘုရားရှေ့၊ လူရှေ့ထွက်ပြီး သက်သေခံဖို့ ဆိုတာက တော်တော် ဂန်လေးကြပါတယ်။ သခင်ယေရှုက သူရဲ့ တပည့်တော်တွေကို သူ့အကြောင်း သက်သေခံဖို့ အကြိမ်ကြိမ် မှာထားခဲ့ သလို ကျွန်တော်/မ တို့လည်း သက်သေခံတတ်သော သူတွေဖြစ်လာအောင် ကြိုးစားကြစို့လို့ ရှေ့ဦးစွာ နှိုးဆော် လိုက်ပါတယ်။ ဒီလိုဘဲ ကျွန်မလည်း ဘုရားသခင်ရဲ့ ကျေးဇူးတော်ကို ရေတွက် မရ ခံစားခဲ့ရပေမဲ့ ချီးမွမ်းတာထက် သက်သေတစ်ခါမှ မခံခဲ့ဘူး။ ဘုရားရှေ့၊ လူရှေ့ မှာ သက်သေခံဖို့ရော အကြိမ်ကြိမ် ကြိုးစား ခဲ့ပေမဲ့ လက်တွေ့ ခုထက်ထိ မအောင်ခဲ့ပါဘူး။ ဘုရားရှေ့၊ လူရှေ့၊ စာစောင်ဖြင့်၎င်း၊ နှုတ်အားဖြင့်၎င်း သက်သေခံဖို့ ဆုတောင်းလျှက် ကြိုးစားနေတုန်းဘဲ။ စင်္ကာပူနိုင်ငံ ရောက်မှ ဘုရားနဲ့ ပိုပြီးနီးစပ်သလို သက်သေခံဖို့ရော သတိရလာပါတယ်။ သခင့်စကား စာစောင်တွေမှာ ကျွန်မရဲ့ သက်သေခံစာ မထွက်လာပေမဲ့ ဒီ ဒုတိယအကြိမ် စာစောင်ဖြင့် သက်သေခံခွင့် ရသောကြောင့် အဆက်အသွယ် ပြန်ရတဲ့ အယ်ဒီတာကိုရောဘဲ အထူးဘဲ ကျေးဇူး တင်ပါတယ်။ ကျွန်မ ဒုတိယအကြိမ် သခင့်စကား စာစောင်ဖြင့် သက်သေခံခြင်းဟာ လွန်ခဲ့တဲ့ နှစ်နှစ်က ကျွန်မ စင်္ကာပူမှာ အလုပ်လုပ် ခဲ့ပါတယ်။ ဒုက္ခပေါင်းများစွာ ကျော်ဖြတ်ပြီး ၂နှစ် လုပ်ခဲ့ပါတယ်။ အဲဒီ ၂ နှစ်ဆိုတဲ့ အချိန် မှာ ၂နှစ်လုံးလုံး အမေရဲ့ အသံဆိုလို့ တစ်ခါမှ မကြားခဲ့ ရဘူး။ ဖုန်းမကိုင် ရဘူး။ အပြင် မထွက်ရဘူး။ အလုပ်ရှင် အပေါ် သည်းခံပြီး ကိုယ့်သမီးကို ဖုန်းနဲ့ စကား အများကြီး ပြောချင် လှပြီဆိုတဲ့ အမေ့ကိုတောင် ဦးစားမပေးမိဘဲ အလုပ်ရှင် အပေါ်ဦးစားပေးပြီး ၂နှစ်လုံး အမေကို စာဖြင့်သာ ဆက်သွယ်ခဲ့ရပါတယ်။ နိုင်ငံခြားဆို တကယ့် နိုင်ငံခြားဘဲ စာနာမှု လုံးဝ မရှိတဲ့ အလုပ်ရှင်နဲ့ ကျွန်မ ကြုံခဲ့ရတယ်။ ဒီလို ဒုက္ခ ပင်လယ်ထဲ မျောနေရတော့ အမေ့ကိုစာရေးတိုင်း ဘယ်တော့မှ ကောင်းတာ မရေးခဲ့ဘူး။ အမေ့ကို အပြစ်တင်တာတွေ၊ ငြီးငွေ့တာတွေ၊ ဘုရားကို ကျိန်ဆဲ နေမိတာတွေ။ ကိုယ့်ကိုယ်ကို အပြစ်တင်မိတာတွေ၊ အိမ်ရှင် ဘာဖြစ်တာတွေ တစက်မကျန် အမေကို စာဖြင့် အမြဲ ငြီးခဲ့ရတယ်။ စာရေးတာတောင် လျှပ်စစ်မီး သုံးခွင့်မရ။ တစ်ခါတလေ ကိုယ့်အမေ စာရေးပြောလာတယ် သမီးလက်ရေး အမေ မကြည့်တတ်တာ များတယ်တဲ့။ ပြန်စာရေး လိုက်တယ် အဲဒါ နိုင်ငံခြား ရောက်နေတဲ့ အမေ့ သမီးက တခါတရံ အမှောင်မှာ ရေးရတဲ့ စာလို့ဆိုပြီး ရေးလိုက်သေးတယ်။ အဲဒီ ၂နှစ်မှာ အမေဟာ ကျွန်မအတွက် နေ့စဉ်ခွန်အားပေးတဲ့ အယ်ဒီတာ ဖြစ်ခဲ့တယ်။ ပထမအကြိမ် အလုပ်လည်းပဲ ဆုတောင်းခြင်းဖြင့် အောင်မြင်ရခြင်းဆိုတာ ဆက်လက် သက်သေခံ နေဆဲပါ။ အမေဟာ ကိုယ့်သမီးရဲ့ စာကို ပထမဦးဆုံး ဖတ်ရတဲ့ အချိန်ဟာ သိုးတစ်ကောင် ပျောက်သွားတာကို ပြန်တွေ့ ရသလို ခံစားရတယ်တဲ့။ နိုင်ငံခြားဆိုတာကို အမေဟာ အရမ်း ကြောက်ပြီး ကိုယ့်သမီးကို သဘော မတူဘဲ လွှတ်လိုက်ရတဲ့ နိုင်ငံဖြစ်နေခဲ့တယ်။ ဒါကြောင့် ဒီလို ခံစား ရတာပေါ့။ အမေဟာ လိပ်စာ အပြည့်အစုံ ရတဲ့ နေ့ကနေ စပြီး ကိုယ့်သမီး နိုင်ငံရပ်ခြား ထွက်သွားတဲ့ လတွေကို ရက်ပြည့်တိုင်း အမေကိုယ်တိုင် ဆုတောင်းတာ မလုံလောက်ဘူး။ အသင်းထောက်တွေကိုပါ ခေါ်ပြီး ဆုတောင်းကြောင်း မင်းကို နိုင်ငံခြားထွက်ဖို့ သဘောမတူပေမဲ့ သွားတဲ့နေ့ ကနေ ခုထက်ထိ အမေ သမီး အတွက် အမြဲ ဆုတောင်းနေကြောင်း သူများ နိုင်ငံခြားရောက်မှ ကိုယ့်သမီး ဒုက္ခ ရောက်နေကြောင်း သိရတော့ မင်းကို သွားခွင့်ပြုတဲ့ ဘုရားသခင်ကို ကျေးဇူးတင်ပါတယ်။ ဒုက္ခဆိုတာ ပျော်ရွှင်ခြင်းနဲ့ အတူ



သခင့်စကား ဝိညာဉ်ရေး ရာ စာစောင်။ အမှတ်စဉ် ၁၃၇ ။ ဇန်နဝါရီလ ၂၀၁၃ ခုနှစ်။
နိုင်ငံတကာမှ မြန်မာခရစ်ယာန် အသင်းတော်နှင့်မိတ်သဟာယများအတွင်း အခမဲ့ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။

ပါဆိုတဲ့ အကြောင်း၊ အလုပ်ရှင်က ကျဉ်းကျပ် လွန်းကြောင်း၊ ကိုယ့်သမီးရဲ့ စာကို အမြဲ ဖတ်နေရတော့ အလုပ်ရှင်အပေါ် ခွင့်လွှတ်သည်းခံပါ။ နှိမ့်ချတတ်ခြင်းဟာ အောင်မြင်ခြင်းရဲ့ အစပါ ဆိုတာတွေ၊ သွားခွင့်ရှိပြီး ဆိုကတည်းက ၂ နှစ်ပြည့်အောင် လုပ်နိုင်တဲ့ သတ္တိ မွေးပါ။ အမြဲတမ်း ဘုရားသခင် သမီးနဲ့ အတူရှိနေတယ်ဆိုတာ ယုံကြည်ပါ။ အမြဲစား၊ သောက်၊ အိပ်၊ ထ အချိန်ပြည့် သမီး အတွက် ဆုတောင်း ပေး နေကြောင်း ဒီလို ခွန်အား စာစောင် တွေကို အမြဲ ပုံမှန် ၂ လလောက်မှာ တခါ အမြဲ ပုံမှန် ရောက်လာ တတ်တဲ့ အမေရဲ့ ခွန်အား ပေးမှုကြောင့် ၂ နှစ်ကို အလုပ်ရှင် မ ပြောင်းဘဲ ပြည့်အောင် လုပ်နိုင်ခဲ့ပါတယ်။ ၂နှစ် ပြည့်တဲ့အခါ အမိမြန်မာ နိုင်ငံကို ပြန် တော့မယ်ဆိုပြီး ပြန်သွားပါတယ်။ ပြန်မလာတော့ဘူး။ ကိုယ့်အမေ နားနေပြီး ကိုယ့် နိုင်ငံ မှာဘဲ ပြန်လုပ်စား တော့မယ်ဆိုပြီး ပြန်သွားခဲ့သူပါ။

အိမ်ရောက်တော့ လုပ်ကိုင်စားသောက်ရန် အခက်အခဲ ပြဿနာရှိတော့ အမေ နဲ့ ၁လသာ နေပြီး ဒုတိယအကြိမ် စင်္ကာပူ နိုင်ငံကို ပြန်ရောက်ခဲ့ရတယ်။ လိပ်စာတွေ ပေးလိုက်ပြီဖြစ်တဲ့ အတွက် ကိုယ့် ဖက်ကနေ အရင်ဖုန်း မဆက်ဘဲ အမြဲ စာဖြင့် ခွန်အား ပေးတတ်တဲ့ အမေ့ စာစောင်ကို မျှော်နေမိတယ်။ ဒုတိယ အလုပ်ရှင်လည်း မယုံကြည်သူပါ။ ဒါပေမဲ့ သိရှိနားလည် စာနာမှု ရှိတယ်။ ကောင်းပါတယ်။ အမြဲ ကြောက်စိတ်တွေ ဝင်နေတဲ့ စိတ်ဖြင့် အိမ်ကို ဖုန်းခေါ်ဖို့ မတောင်းဆိုရဲ ခဲ့သော်လည်း ၂လလောက် ပြည့်တဲ့ အချိန် အိမ်ရှင်ကိုယ်တိုင်က အိမ်ကို ဖုန်းခေါ်မှာလား ဆိုပြီး မေးလာတော့ ခေါ်မယ်ပြောပြီး မြန်မာနိုင်ငံ အေးဂျင့်ကို လှမ်းဆက်လိုက်ပါတယ်။ ကျွန်မ အမေ ဖုန်းဆက် လာသေးလားလို့ မေးကြည့်တယ်။ အေးဂျင့်က နန်းခမ်း မဟုတ်ဘူးလား ဆိုတော့ အဲဟုတ်တယ် ပြောလိုက်တော့ အေးဂျင့် က မင်းကို ဘာမှ မပြောလိုက်ဘူးလားတဲ့ ထိတ်လန့်စရာကြီးပဲ ရှုးမတတ် ခံစားခဲ့ရတယ် မင်းအမေ လွန် ခဲ့တဲ့ ၂လ လောက်မှာ ဆုံးသွားတယ်တဲ့။ ကိုယ့်စိတ်မှာ ပုံပြင် ပြောနေတာဘဲ လို့ ထင်လိုက်တယ်။ ဖုန်းချလိုက် ရမှန်း မသိ၊ ရယ်ရ ငိုရမှန်းမသိ ဆက်ပြောရမှန်း မသိ အရူး တစ်ယောက်လို ခံစားခဲ့ရတယ်။ အဲဒီ အချိန်မှာ မယုံကြည်သူ ဖြစ်တဲ့ ကျွန်မရဲ့ Madam က ပထမ ဘုရားသခင်ကို ဦးစားပေးပြီး ဘုရားနဲ့ ဆက်သွယ် ခွန်အားယူဖို့ ပြောပါတယ်။ အဲဒီအချိန်မှာ ကျွန်မ နလုံးသားမှာ ဘုရားသခင်ကို ပထမ မရခဲ့ဘူး ဆိုရင် ဂမ်းနည်းပူဆွေး သောကနှင့် ဒီနေ့ ကျွန်မ အသက်ဟာ မတွေးဝံ့စရာပါဘဲ။ ကျွန်မ အလုပ်ရှင်တွေက အမြန်ဆုံး ဘုရားကျောင်းနဲ့ ဆက်သွယ်နိုင်ဖို့ သူငယ်ချင်း တွေဆီ လှမ်းမေးဖို့ ဖုန်းကဒ်ပါ ဝယ်ထဲ့ပေးပြီး သူတို့လည်း ဘုရားကျောင်း စုံစမ်းပေး တယ်။ ဆရာမ ဒေါ်ခေါန်အောင် နှင့် အဆက်အသွယ်ရပြီး ကျွန်မရဲ့ ဂမ်းနည်း ငိုကြွေး သံအားဖြင့် ဖုန်းဆက်လိုက်ပါတယ်။ ဆရာမက ချက်ချင်းဘဲ ဖုန်းကနေ ဆုတောင်း ပေးလိုက်တယ်။ အဲဒီလို ဆုတောင်းခံယူခြင်း အားဖြင့် နေ့စဉ်နှင့်အမျှ ငိုကြွေး လွမ်းဆွေး နေတဲ့ မျက်ရည်တွေကို ဘုရားသခင်က သုတ်ပေးပြီး ငြိမ်သက်ခြင်း ကို ပေးပါတယ်။ ကျွန်မ ဒီနေ့ထိ အမေ အကြောင်းတွေ တွေးပြီး အချိန်မရွေး မျက်ရည် ကျနေ တုန်းဘဲ။ ဒါပေမဲ့ ငြိမ်သက်ခြင်းပေးတဲ့ ဘုရားသခင်ကိုဘဲ ချက်ချင်းပြန် ဆုတောင်း ခွန်အားယူပြီး အလုပ်ကိုသာ ဆက်ကြိုးစား နေခွင့်ရပါတယ်။ ဒီစင်္ကာပူ နိုင်ငံမှာ အလုပ်လုပ် နေကြသော ညီအစ်ကို မောင်နှမများ အားလုံးလည်းပဲ ဘယ်လို စိတ်သောကတွေနှင့်ပဲ ကြုံတွေ့ပါစေ ဘုရားသခင်ဆီ ဆုတောင်းခြင်း အားဖြင့်သာ ငြိမ်သက်ခြင်းကို ခံယူကြပါစို့လို့ သက်သေခံ လိုက်ပါတယ်။ ဖတ်ရှုကြတဲ့ မိတ်ဆွေ သူငယ်ချင်းများ အပေါ် ဘုရားသခင် ကောင်းကြီးမင်္ဂလာပေးပါစေ အာမင် ။ **မနန်းခမ်း**

.................................................

## အသုံးပြုပါ

**"ခွင့်လွှတ်ပြီ သခင့် အလိုတော်အတိုင်းပြုပြင်အသုံးပြုပါ"** နော်တာမလာ (တိုက်ကြီး)

ကျွန်မ စင်္ကာပူကို ရောက်တာ အောက်တိုဘာလ ဆိုရင် ၃ နှစ်ပြည့် ပါပြီ။ ဒါပေမဲ့ ခုအချိန်ထိ Day Off မရပါ အချိန်မတန်သေးလို့ သခင်အလိုတော် မရှိသေး တာဘဲ ဖြစ်မယ်လို့ ကျေနပ်ရင်း အနော ရှီးခူး လာ ပို့ပေးတဲ့ သခင့်စကား စာစောင်တွေကို ခွန်အားယူ ဖတ်ခွင့်ရပြီး အနည်းငယ် သက်သေခံခွင့် ရတဲ့ အတွက် ကျေးဇူးတော်ကို အထူးဘဲချီးမွမ်းပါတယ်။ ကလေးဘဝက Sunday School တက်ချိန်တွေတုန်းက ဆရာမ ပြောပြခဲ့ဖူးတဲ့ သခင်ယေရှုကို အရမ်းသနားပြီး အရမ်း ချစ်တတ်လာခဲ့တယ်။ သခင် ယေရှုဟာ ကမ္ဘာပေါ်မှာ ရှိတဲ့ လူသားတွေ အားလုံး အတွက် နလုံးကွဲ အသက်ပေးပြီး သွေးနဲ့ ရွေးခဲ့သူပါလို့ တွေးရင် ကျွန်မကို သခင့် အမှုတော်တွင် အစေခံခွင့်ပေး အသုံးပြုတော်မူပါလို့ ကလေးဘဝကတည်းက သခင့်ကို တောင်းဆိုခဲ့ဖူးတယ်။ ဒါပေမဲ့ ကျွန်မ ဘယ်တုန်းကမှ မတွေးထားခဲ့ဖူးတဲ့ အိမ်ဖော် အလုပ်ကြီးကို လုပ်ဖို့ အတွက် သခင် ပို့ဆောင် ခဲ့တယ်။ ယုံကြည်သူအိမ်ကို ပေးဖို့ တောင်းဆိုခဲ့သော်လည်း မရပါ။ ဒါနဲ့ သခင့်ကို မေးခွန်း အများကြီးမေးခဲ့တယ်။ ကျွန်မရဲ့ အလုပ်က အသက် ၉၀ ကျော် အဖွားကို ကြည့်ရတယ်။ အဖွားက ကျွန်မ စကားကို တစ်ခါမှ နားမထောင်ခဲ့ဘူး။ သူလုပ်ချင်တာကိုဘဲ ဇွတ်အတင်း လုပ်ချင်သူ။ ကျွန်မ အလုပ် ၂ လကြာသော တစ်နေ့မှာ အဖွားဟာ သူနဲ့ မဆိုင်တဲ့ ပစ္စည်းတွေကို ဟိုသယ် ဒီပို့ လုပ်နေတာကို ကျွန်မ တွေ့တော့ ကျွန်မ အဖွားကိုပြောတယ်။ အဖွား ခြေထောက်တွေလဲ သိပ်ကောင်းတာ မဟုတ်ဘူး။ ချော်လဲလိမ့်မယ်။ ဆက် မလုပ်နဲ့ တော့ ကျွန်မ အလုပ် ပြီးရင် အဖွား ဖြစ်ချင်တဲ့ ပုံစံကို လုပ်ပေးဖို့နဲ့ တော်ကြာချော်လဲရင် ကျွန်မကိုလဲ အမှု ပတ်မှာမို့ ဆက်မလုပ်ဖို့ အကြိမ်ပေါင်းများစွာ တောင်းဆိုခဲ့သော် လည်း နားမထောင်ပေးတဲ့ အတွက် ကျွန်မ ဒေါသထွက်လာပြီး အရှေ့မှာ ရှိတဲ့ စားပွဲပေါ်ကို လက်ဖဝါးနဲ့ တအားကုန် ရိုက်ချလိုက်မိတယ်။ ဒေါသ အတော် ပြေသွားခဲ့ မိပေမဲ့ ကျွန်မ အမှားလုပ်မိပြီလို့တော့ တွေးမိလိုက်တယ်။ ကျယ်လောင်တဲ့ အသံ ကြောင့် အဖွား ကျွန်မကိုကြည့်ပြီး ရပ်တန့်လိုက်တယ်။ ညနေ အန်တီ လာတော့ အဖွားက ကျွန်မ သူ့ကို ဒေါသထွက်ပြီး ရိုက်ချင်တဲ့ အကြောင်း။ မရိုက်ရလို့ စားပွဲကို ထုတဲ့ အကြောင်း တိုင်ပြောလိုက်တယ်။ အန်တီက ကျွန်မကို ပြောတယ်။ ဒါက ဘာ အဓိပ္ပါယ်လဲတဲ့ ခရစ်ယာန်ဖြစ်ပြီး ဘာလို့ နားလည် သည်းခံမှု မရှိရတာလဲ။ မင်းဟာ ခရစ်ယာန်ဖြစ်ပြီး ဘာဖြစ်လို့ ဒီလို လုပ်ရသလဲလို့ မေးတယ်။ တကယ်ဆို ကျွန်မရဲ့ အမှားဟာ သေးသေးလေးဘဲလို့ ကျွန်မ ထင်မိတယ်။ ဒါပေမဲ့ အန်တီက ခရစ်ယာန် အားလုံးနှင့် ခရစ်တော်ကိုပါ ထိခိုက်ပြီး ပြောခဲ့တယ်။ သူပြောတဲ့ မင်းဟာ ခရစ်ယာန် ဖြစ်ပြီးတော့ ဆိုတဲ့ စကားဟာ ကျွန်မရဲ့ အရိုးထဲ ထိအောင် နာကျဉ်းစေခဲ့တယ်။ ကျွန်မရဲ့ အမှားအတွက် ကျွန်မကို ဘဲပြောပါ။ ကျွန်မရဲ့ ခရစ်ယာန် ဘာသာဝင် အားလုံးနှင့် ခရစ်တော်ကို ထိခိုက်မပြောပါနဲ့လို့ ကျွန်မ ပြန်ပြောလိုက်ပြီး ကျွန်မရဲ့ ဒေါသ အမှားကို ဝန်ခံရင် ဘာအဓိပ္ပါယ်ရယ်လို့မှ မဟုတ်ပါဘူး လို့ပြောပြီး ကျွန်မ တောင်းပန် လိုက်တယ်။ နောက်မှ ကျွန်မ သိလိုက်ရတာက အန်တီဟာ ယေရှုကို ကယ်တင်ပိုင်ရှင်အဖြစ် ယုံကြည်လက်ခံ ဗတ္တိဇံ ခံသွားပြီးခဲ့တာ ၁၈ နှစ်ရှိခဲ့ပါပြီ။ ဒါပေမဲ့ တခါတရံ သူရဲ့ ယုံကြည်ခြင်းတွေဟာ တည်ငြိမ်မှု မရှိ အထင် လွဲမှားပြီး အများကြီး အားနည်း နေတယ် ဆိုတာကို ကျွန်မ တွေ့ ရတယ်။ ယုံကြည်ခြင်းတွေ ထာဝရ ခိုင်မြဲဖို့ နှင့် ကောင်းသောခရစ်ယာန် အသက်တာကို ကျွန်မ ပြနိုင်ဖို့ အတွက် သခင့်ဆီက ခွန်အားတွေ တောင်းခံခဲ့တယ်။ တစ်ခါတစ်ရံ သခင့်ဆီက သူ တောင်းဆိုသော အရာ တွေ မရခဲ့ရင် အရင်က သူကိုးကွယ်ခဲ့ဖူးသော ရုပ်တုဘုရားကို ပြန်လည်၍ ကိုးကွယ် ချင်ပါသည်ဟု သူပြောတတ်၏။ ကျွန်မလည်း ပြောတတ်သလောက် ပြောပြပြီး သခင့် ဆီ အမြဲတမ်း ဆုတောင်းပေးခဲ့တယ်။ တစ်နှစ်ကျော် ကြာတော့ အန်တီရဲ့ ယုံကြည် ခြင်းတွေ တည်ငြိမ်လာတာကို ကျွန်မ တွေ့ရပါတယ်။ သူရဲ့ ညီအစ်ကို မောင်နှမတွေ ကို အားလုံးကိုလည်း သခင်ယေရှုရဲ့ ကယ်တင်ခြင်းအကြောင်းကို ရဲဝင့်စွာ နေ့တိုင်း သူ ပြောပြခဲ့ပါတယ်။ ပြီးတော့ ကျွန်မကို ပြောတယ်။ မင်းဟာ ငါတို့ အတွက် ဘုရားသခင် ပို့ပေးလိုက်တဲ့ သူဘဲ။ အခုဆိုရင် အန်တီ့ အမေလဲ ယုံကြည်သူ ဖြစ်လာခဲ့ပြီး ဘုရားသခင်ဟာ အရမ်းကောင်းမြတ်တယ် ဆိုတဲ့ အကြောင်း တွေပြောရင်း အန်တီ ဟာ ခရစ်ယာန်တွေကို စိတ်ဂင်စားခဲ့ရာကနေ ခရစ်တော်ကို သိခဲ့တာပေါ့။ တစ်နေ့ ငါတို့တတွေ သခင်နှင့်အတူ ဥယျာဉ်ကြီး တစ်ခုတည်းမှာအတူ ပြန်ဆုံဆည်းရမှာဘဲလို့ အားရပါးရ လာပြောပြတယ်။ (ကျွန်မ ရေးပြချင်တာက ယုံကြည်သူတွေ အမှားလေး နည်းနည်း လုပ်မိတာနှင့် ကိုယ့်ရဲ့ ခရစ်ယာန် လူမျိုး အားလုံးနှင့် ခရစ်တော်ကိုပါ ထိခိုက် မိတတ်ပါ၏။ ကျွန်မလို ကိုယ့်ကြောင့် ကိုယ့် လူမျိုး နှင့် ခရစ်တော် ကိုပါ မထိ ခိုက်မိစေရန် ထိခိုက်မိခဲ့ပါက နောက်တစ်ခါ ထပ်မံပြီး မထိခိုက်မိစေရန် ငါခရစ်ယာန် တစ်ယောက်ပါလားဆိုပြီး သတိဖြင့် အသက်ရှင် သွားတတ်ရန် ကျွန်မ ရေးပြချင် ပါတယ်။ ကျွန်မလည်း သင်ခန်းစာရ လိုက်ပါတယ်။ ခရစ်ယာန်တွေဟာ ကောင်းသော ပုံသက်သေ အလင်း ပြနိုင်ပြီး သခင့် ဘုန်းတော် ထင်ရှားစေနိုင်ဖို့နှင့် ခရစ်ယာန်တွေရဲ့ အသက်တာဟာ အင်မတန်မှ အရေးကြီးတဲ့ အကြောင်းတစ်ခု ဆိုတာကိုလဲ ကျွန်မ ရေးပြ ချင်ပါတယ်။ ခရစ်ယာန်ဟူသော ပြူတင်းတံခါးမှသာ ယေရှု ဟူသော အလင်းဖြာ နိုင်ပါစေ) ဒါပေမဲ့သခင်ရယ် ကျွန်မ သည်လည်းပဲ အကောင်းဆုံး ပြူတင်းတံခါးဖြစ်ဖို့ အစွမ်းကုန် ကြိုးစား ပြနေသော်လည်း ရှေ့ဆက်လက်ပြီး ပေးစွမ်းနိုင်ဖို့အတွက် မွန်းကျပ်ခြင်းတွေနှင့် ခွန်အားတွေ သိပ်မရှိတော့ ဒါကိုတော့ သခင် အသိ ဆုံးပါနော်။ သခင် သိစေချင်ပါသည်။ သခင့်ကို ပေးခဲ့တဲ့ ကတိကို မလိုက် လျှောက်နိုင်ခဲ့လို့ မပေးဆက် နိုင်ခဲ့လို့ အပြစ်ဒဏ်တွေ ပေးနေ တာလား သခင်ရယ်။ ဒါပေမဲ့ သခင်ဟာ အပြစ်သားတွေကို သိပ်ချစ်ပြီး အမြဲတမ်း ဂရုစိုက်နေတယ် ဆိုတာကို ကျွန်မ သိပါ တယ်။ သခင်အတူ ရှိနေလို့သာ



သခင်ပေးတဲ့ ခွန်အား ကျေးဇူး ဂရုဏာ နှစ်သိမ့်မှုတွေ ကြောင့်သာ ခါးသီးတဲ့ နေ့ရက်များစွာကို သခင်ပေးတဲ့ တာဂန်တွေလို့ သဘောထား ပြီး ပျော်ရွှင် ကျေနပ် စွာနဲ့ ဖြတ်သန်းခဲ့ပြီး လုပ်ဆောင်နိုင်ခဲ့တာပေါ့။ ဆက်လက် ပြီးတော့လည်း တစ်နေ့ သခင့်ရဲ့ အမှုတော်တွင် အလင်းတစ်စက် သဲတစ်ပွင့် အဖြစ် နှင့် ပါဂင်ဖို့ရန် သခင့် ဆီက ခွန်အားတွေ တောင်းခံပြီး ကျွန်မရဲ့ အဖက်ဖက်က အားနည်းချက်တွေကို အကောင်းဆုံး ကြိုးစား ပြုပြင်သွားပါ့မယ် သခင်ရယ်။ ကျွန်မကို သခင် အသုံးမပြုခင် ဆေးကြော ပြုပြင်ခြင်းခံလိုက်ရတယ် ဆိုတာကိုလဲ ကျွန်မ ကောင်းစွာ သိခဲ့ပါပြီ။ ကျွန်မ ဖြစ်ချင်ခဲ့သော အရာနှင့် တောင်းဆိုခဲ့သော အရာတွေကို သခင် မပေးအပ်ခဲ့သေးဘဲ။ ကျွန်မ မဖြစ်ချင်ခဲ့သော အရာတွေကို သခင် ပေးအပ် ခဲ့ခြင်းရဲ့ အဖြေတွေကို ကျမ ကောင်းစွာ နားလည်ပြီး သိခဲ့ပါပြီ။ ဒီစာကို ရေးနေတဲ့ အချိန်က စပြီး ကျွန်မရဲ့ အသက်တာသည်လည်း အသစ်သော အသက်တာဖြင့် ပြောင်းလဲ ခဲ့ပါပြီ။ တကယ်ပါ သခင်ရယ်။ (ဝန်ခံချက်။ ကျွန်မဟာ တစ်ချိန်က စိတ်ရှည် သီးခံမှု လုံးဝမရှိသူ၊ ဒေါသကြီးသူ၊ စကားနည်းပြီး သူတစ်ပါးကို အမြဲတမ်း အပြစ် မြင်တတ်သူ၊ သူတစ်ပါး အပေါ် နားလည် ပေးတတ်မှု မရှိသူ၊ မာနကြီးသူ အင်မတန် ကြမ်းတမ်းပြီး ရိုင်းစိုင်းတဲ့ အရိုင်းပန်းမလေးပါ။ ဒါတောင်မှ ကျွန်မဟာ အမှုတော် ဆောင် အသင်းအုပ် ဆရာ တပါးရဲ့ သမီးငယ် တစ်ဦးပါ ၂၂ နှစ်ပြည့် မွေးနေ့နှင့် အတူ စကၤာပူရောက် အသက်တာတွင် ပြုပြင်ခြင်းခံရ ပြောင်းလဲသွားခဲ့တဲ့ ဘဝ အမှတ်တရ။) အယ်ဒီတာနှင့် တကွ အဖွဲ့သားများ အားလုံးနှင့် စာဖတ်သူ ညီအစ်ကို မောင်နှမ အယောက်စီတိုင်းကို ထာဂရဘုရားသခင် ကောင်းကြီးပေးပါစေ။ ။ **နော်တာမလာ**

---

# စပျစ်နွယ်ပင်



**စပျစ်နွယ်ပင်** ( ရှင်ယောဟန် ၁၅ း ၅ )

ဟာလေလုယာ။ ဘုရားရှင်၏ နာမတော်သာဘုန်းကြီးပါစေ။ သမီး ခွန်အားရတဲ့ ကျမ်းချက်လေးကို ချစ်သောဂိညာဉ်မောင်နှမများထံသို့ ဝေငှချင်ပါတယ်။ နှုတ်ကပတ်တော်ဟာ ဘုရားသခင်ရဲ့ စကားတော်ဖြစ်တယ်။ ဘုရား သခင်က ပြောတယ် " ငါသည် စပျစ်နွယ်ပင် ဖြစ်၏ သင်တို့သည် အခက်များဖြစ်ကြ၏။ ငါနှင့်ကွာလျှင် သင့်တို့သည် အဘယ် အမှုကိုမျှ မတတ်နိုင်ကြ " ကျွန်ုပ်တို့ အသီး သီးနိုင်တာ စပျစ်နွယ်ပင် ရှိလို့ပါ။ စပျစ်နွယ်ပင်ဖြစ်သော ကိုယ်တော်ရှိလို့ အသီးများစွာ သီးနေတာဖြစ်ပါတယ်။ အသီးနှင့် အခက်တို့ဟာ ပင်စည်နှင့် ဆက်သွယ်မှုရှိမှသာ ရှင်သန်နိုင်တာဖြစ်နိုင်ပြီး ပင်စည်နှင့် ကွာသွားလျှင်တော့ ညှိုးနွမ်းခြောက်သွေ့ခြင်းသို့ ရောက်သွားနိုင်ပါတယ်။ ကျွန်ုပ်တို့ သည် သခင်ယေရှု၊ သန့်ရှင်းသော ဂိညာဉ်တော်နှင့် ကွာသွားလျှင်တော့ အရာရာဟာ ခိုကိုးရာမဲ့ အမှောင်ထုထဲမှာ ခက်ခဲမှု များစွာနှင့်သာ ရင်ဆိုင်ရမှာ အမှန်ပါ။ ယခုအချိန်မှာ ကျွန်ုပ်တို့ဟာ စပျစ်နွယ်ပင် ခရစ်တော်နှင့် အတူရှိမှသာ ဆက်လက်လှမ်းလျှောက်ရမဲ့ ခရီးလမ်း အသက်တာမှာ အသီးများစွာ သီးနိုင်မှာ ဖြစ်တယ်။ ချစ်သော ဂိညာဉ်များကို နွယ်ပင်၌သာ ရှင်သန်ကြဖို့ရန် ပြောချင်ပါတယ်။ ဖတ်ရှုသူ နှလုံးသားတိုင်းမှာ ဂိညာဉ် တော် အသုံးပြု ပါစေ။ ကယ်တင်ရှင် သခင်ယေရှုဟာ သင့်ကိုချစ်တယ်။ နွယ်ပင်၌သာ သင့်ကို အသက်ရှင်စေချင်ပါတယ်။ သင့်ကို အမှန်တကယ် ချစ်ပါတယ်။ အယောက် စီတိုင်း ဘုရားရှင် ကောင်းကြီး ပေးပါစေ။ အာမင်။ **သဲမြတ်မွန်** Thian Hnem Par

---

# မျက်စိဖွင့်ပါ



**ဂိညာဉ်အတွက် မျက်စိဖွင့်ပါ** *La hpai (နန်ကိုင်)*

*ကိုယ်တော်သည် အသက်ရှင်တော်မူသော ဘုရားသခင်၏သား ခရစ်တော် ဖြစ်တော်မူ၏ (မဿဲ ၁၆ း၁၆)..* လူသားအားလုံး သေချာစဉ်စားဖို့ အချိန်ရောက်ပါပြီ။ အသက်တာ ရှင်သန်ရခြင်းဟာ အဓိက အချက် နှစ်ချက်ဘဲ ရှိပါတယ်။ လောက ဘဂအတွက် ရှင်သန်နေခြင်းနှင့် ဂိညာဉ်ဘဝအတွက်ရှင်သန်ခြင်း။ လူတွေ အထင်ကြီး မြင်သာနိုင်တဲ့ ဘဂဟာ အရေးကြီးသလို လူတွေ မမြင်တဲ့ ဂိညာဉ်အတွက်လည်း အရေးကြီး နေပါတယ်။ ဘဂဆိုတာ ရှင်သန်နေချိန် ခဏတာ ဖြစ်ပါတယ်။ ဂိညာဉ်ဟူသည် သေဆုံးပြီးနောက်လည်း ထာဂရ ရှင်သန်နေခြင်းပါ။ ပတ်ဂန်းကျင် အရေးထားဖို့ ဘဂကို တန်ဖိုးထား ကြီးမြတ်ဖို့ အလွန်ပဲ ကြိုးစားနေလျှင် သင့်ရဲ့ တန်ဖိုးထား ကြီးမြတ်မှုတွေဟာ ဘုရားသခင်ရဲ့ရှေ့မှာတော့ သင်ဟာ ဘာမှ မဟုတ်သေးပါဘူး။ သင် ပိုင်ဆိုင်သမျှ အားလုံး ဘုရားသခင် ပေးထားတာပါ။ သင့်ရဲ့ ပိုင်ဆိုင်မှုတွေကို ဘုရား သခင် အသိ အမှတ်ပြုမည် မဟုတ်။ နှိမ့်ချမှုနဲ့ အသက်ရှင်ခြင်းကိုသာ ဘုရားသခင် အသိ အမှတ် ပြုမှာပါ။ ယုံကြည်ခြင်းရဲ့ ခရစ်ယာန်အသက်တာမှာ ပါးတစ်ဖက် ရိုက်ခဲ့ရင်တောင် သင့်ရဲ့ နှိမ့်ချမှုနဲ့ ကျန်တဲ့ ပါးတစ်ဖက်ကို ပြန်အရိုက်ခံပါ။ စကား တွေနဲ့ တင်စီးတာတွေ မခံနိုင်။ အငြင်းပွား စကားမျိုးပြောဆိုလျှင် သင့်စိတ်နှလုံးထဲ ခွင့်လွှတ်ခြင်းနဲ့ ထိုသူအတွက် ဆုတောင်းပေးပါ။ သည်းခံခွင့်လွှတ်ခြင်းနှင့် နှိမ့်ချသူတွေ အားလုံးကို သခင် အလိုရှိသည်။ လောကအတွက် ကြိုးစားရင် လူတွေများစွာ ဂိညာဉ် အတွက် လမ်းပျောက်နေပါတယ်။ သခင့်ရှေ့ မှာ ပျောက်ဆုံးနေသူ အားလုံးရဲ့ ဂိညာဉ်ဟာ အော်ဟစ် ငိုကြွေးလို့ နေပြီ။ ဂိညာဉ် နားလေး စွင့်လို့ ဂိညာဉ် မျက်စိ ဖွင့်ဖို့ အချိန် လိုနေပါပြီ။ အချိန်တွေဟာ တရွေ့ရွေ့နဲ့ ကုန်ဆုံးလို့ သွားနေသည်။ ဂိညာဉ် များကို ရိတ်သိမ်းဖို့ ခရစ်တော် ကြွလာတော့မည်။ လောက ဘဂအတွက် ကြိုးစား နေလို့ ဂိညာဉ်မျက်စိ မဖွင့်ဘဲ မိုတ်လို့ ထားရင် သမ္မာတရား အလင်းရောင်ကို မမြင်လိုက်ရဘဲ လောက ဘဂရဲ့ ထာဂရ ပူပြင်းတဲ့ မီးအိုင်ကြီးထဲမှာ သင့်ဂိညာဉ် ပျောက်ဆုံး သွားလိမ့်မည်။ လောကရဲ့ အတ္တတရားထဲ ဂိညာဉ်ကို မြှုပ် မထားဘဲ ထာဂရ ကယ်တင် ခြင်းကို မြင်နိုင်ဖို့ ဝိညာဉ် မျက်စိကို ဖွင့်ထားစို့ ...။ ။ **La hpai (နန်ကိုင်)**

............................................

# လုပ်ခ



**လုပ်ခ** *Marry ဖျာပုံ* မဿဲ ၂ဂး၂-၁၃

ယနေ့ ကျမတို့ တစ်ယောက်စီတိုင်း လုပ်နေကြတဲ့ အလုပ်တွေပေါ်မှာ မူတည်ပြီး လုပ်ခဟာ ကွဲပြားခြားနားမှု ရှိနေပါတယ်။ လုပ်သက်များလာလေ လုပ်ခ တိုးလာတာ ရှိသလို ပုံသေလုပ်ခလည်း ရှိနိုင်ပါတယ်။ အထက်တန်းစား အလုပ်၊ အလယ် အလတ် အလုပ်၊ အနိမ့်ဆုံး အလုပ် စတဲ့ အဆင့်ကွာခြားချက် လုပ်ခ ကွာခြားချက်တွေ ရှိနေ ပေမဲ့ အလုပ်ဆိုတဲ့ သက်ဆိုင်ရာ စက်ကွင်းမှာ လုပ်နေကြရတာချင်းက အတူတူ ပါဘဲ။ အလုပ် များများလုပ်ရရင် လုပ်ခ များများ ပိုလိုချင်ကြတာဘဲ။ ကျမ ကိုယ်တိုင်လည်း အဲဒီ ခံယူချက်မျိုး ရှိခဲ့ဘူးပါတယ်။ ဒါပေမဲ့ ကျမတို့ ခရစ်ယာန်တွေမှာ အဲဒီလို စိတ်မျိုး မရှိဘို့ နှုတ်ကပတ်တော်က သွန်သင်ထား ပါတယ်။

ယနေ့ လုပ်ခနည်းပြီး အလုပ်များများ လုပ်နေကြတဲ့ သူများကို ကျမ အားပေး စာသားလေး ရေးပြချင်ပါတယ်။ "သင် ရသင့် ရထိုက်တဲ့ လုပ်ခ မရဘူးဆိုရင် ကျန်တဲ့ လုပ်ခ တွေဟာ ဘုရားရှင် သူ့ရဲ့ လက်ထဲမှာ အဆင်သင့် ပြင်ဆင် ထားပြီး သားပါလို့" ကောလောသဲ ၃း၂၃-၂၄ကိုသာ နှလုံးသားထဲမှာ စွဲမြဲစွာ မှတ်ထားပါ။ အလုပ်ရဲ့ နောက်မှာ အလုပ်နဲ့ ထိုက်တန်တဲ့ လုပ်ခ ဆိုတာ အမြဲရှိပါတယ်။ ဥပမာ အနေနဲ့ ကျမ မိခင်ဟာ အလုပ် သိပ်ခိုင်းတယ်လို့ ဝေဖန်ကြပါတယ်။ မှန်ပါတယ် အိမ်ရှေ့ အိမ်နောက် ဖြတ်သန်းသွားတဲ့ သူမှန်သမျှ ခေါ်ပြီး တောက်တိုမယ်ရ အိမ် အလုပ်လေးတွေ၊ ထင်း တုံး လွှစင်ပေါ် ပိုင်းတင်တာက အစ၊ ကုန်းပေါ်တင်တဲ့ လှေကို ရေထဲပိုင်းချပေးဘို့ လိုတဲ့ အခါမျိုး၊ လိုရင်လိုသလို ကြုံရင် ကြုံသလို ခေါ်ခိုင်း တတ်ပါ တယ်။ ဒါဟာလည်း လုပ်ခ ပေးရတဲ့ အလုပ်မဟုတ်ပေမဲ့ အလုပ်ပြီးတဲ့ အခါ ကော်ဖီ (သို့) ရေနွေးကြမ်းနဲ့ လက်ဖက်သုတ်၊ ထမင်းကြမ်း စသည်တို့ကို ကျွေးတတ်သလို သူတို့ မိသားစုမှာ လိုအပ်မယ် ထင်တဲ့ အဂတ်အစားတို့ကိုလဲ ပေးတတ်ပါတယ်။ ဒီလို ကျွေးရ ပေးရတာ ထက် သူ့အလုပ်ရှိတဲ့ ကြားထဲက ငါ့ကို ကူညီတယ်ဆိုပြီး ဂုဏ်ယူ ချီးကျူးခြင်း ခံရတာ ဟာလဲ မထင်သာ မမြင်သာတဲ့ လုပ်ခ ပါဘဲ။ ပေတရုက ယေရှုကို "သခင် ကျွန်ုပ် တို့သည် ရှိသမျှကို စွန့်ပြီး နောက်တော်သို့ လိုက်ကြပါ၏။ ကျွန်ုပ်တို့ ဘာပြန်ရမည် နည်း" ဟုမေးခဲ့ပါတယ်။ ယနေ့ ကျမတို့ အတွက် ခွန်အား ယူစရာကို မဿဲ၂ဂး၂-၁၃ စပျစ်ဥယျာဉ် အလုပ်သမား ပုံဥပမာမှာ တွေ့နိုင်ပါတယ်။ နောက်ကျ သူများရဲ့ ခံယူ ချက်မှာ ပေးချင်သလောက် ပေးပါ။ ဒါပေမဲ့ အလုပ်တခုတော့ ပေးပါလို့ တောင်းဆိုတာ တွေ့ရပါတယ်။ ယနေ့ ကျမတို့ အလုပ်တခု ရဘို့ အတော်ကြိုးစားခဲ့ဘူး သူများလည်း ရှိပါလိမ့်မယ်။ ကျမ်းစာထဲကလိုပဲ အလုပ်ကို စောရတဲ့သူ ရှိသလို နောက်ကျမှ ရတဲ့ သူများလည်း ရှိပါတယ်။ စပျစ်ခြံရှင်ဟာ တနေ့ကို ဒေနာရိ တစ်ပြား လုပ်အားခ ပေးပြီး လုပ်စေ ပါတယ်။ တချို့ လူတွေက မနက်စောစောထဲက သွားလုပ်ကြပါတယ်။ တချို့ကတော့ မနက် ၉နာရီ၊ မွန်းတည့် ၁၂နာရီ ၊ ညနေ၃နာရီ၊ ညနေ၅နာရီ အချိန်တွေမှာ သူ့ စပျစ်ခြံမှာ အလုပ် သွားလုပ်ခိုင်း ပါတယ်။

တစ်နေ့တာ အလုပ်ပြီးတဲ့ အချိန်မှာ ခြံရှင်ဟာ အလုပ်သမား ခေါင်းဆောင်ကို ခေါ်ပြီး အလုပ်ပေးခိုင်းပါတယ်။ ညနေ၅နာရီမှာ ငှားတဲ့ အလုပ်သမားတွေဟာ တစ်ယောက် ငွေ တစ်ပြားစီ ရကြပါတယ်။ မနက်ထဲက လုပ်ထားတဲ့သူတွေက နောက်ကျတဲ့ သူတွေထက် သူတို့ ပိုရကြမယ်လို့ ထင်နေကြပါတယ်။ ဒါပေမဲ့ သူတို့လည်း ငွေတစ်ပြားစီပဲ ရကြပါတယ်။ ခြံရှင်ကို မကျေနပ်ကြဘူး။ သူတို့နောက်မှ ရောက်လာပြီး တစ်နာရီဘဲ လုပ်ရတဲ့ သူတွေက သူတို့နဲ့ တန်းတူရတယ်။

သူတို့က တစ်နေကုန် နေပူကြီးထဲမှာ ပင်ပင်ပန်းပန်း လုပ်ကြရတာလို့ ပြောကြတယ်။ ဒီတော့ ခြံရှင်က အဲဒီအလုပ်သမားကို ငါတရားသဖြင့် လုပ်ပါတယ် မိတ်ဆွေ ငါ သင့်ကို ငှါးကတည်းက လုပ်ခ ငွေတစ်ပြားရမယ်လို့ ပြောခဲ့ပါတယ်။ သင့် လုပ်အားခကို




သခင့်စကား ဝိညာဉ်ရေးရာ စာစောင်။ အမှတ်စဉ် ၁၃၇ ။ ဇန်နဝါရီလ ၂၀၁၃ ခုနှစ်။
နိုင်ငံတကာမှ မြန်မာခရစ်ယာန် အသင်းတော်နှင့်မိတ်သဟာယများအတွင်း အခမဲ့ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။

ယူပြီး ပြန်ပါလို့ ပြောပါတယ်။ ယနေ့ ကျမတို့ အထက်ပါ ကျမ်းဥပမာ လေးနဲ့ တူနေတာ စင်္ကာပူနိုင်ငံမှာ အိမ်အလုပ်နဲ့ လာနေကြတဲ့ ကျမနဲ့ ဘဝတူ ညီမငယ် အချို့ပါ။ အကြောင်းအရာ တိုက်ဆိုင်မှု ထပ်တူကျလို့ ကျမတို့ ခံစားရရှိတဲ့ လုပ်ခနဲ့ ပတ်သတ်ပြီး အနဲငယ် တင်ပြချင်ပါတယ်။ ကျမ စင်္ကာပူကို အကူ သူနာပြု လက်မှတ်လေးကိုင်ပြီး ၂၀၀၆ ခုနှစ် ဇန်နဂါရီ ၃ရက်နေ့က ရောက်လာပါတယ်။ အိမ်အလုပ်နဲ့ လာပေမဲ့ ကျမရဲ့ certificate ကိုကြည့်ပြီး ပွဲစားက လူကြီး လူနာရှိတဲ့ အိမ်မှာ စီစဉ်ပေးပါတယ်။ အသက် ၇၀ကျော် အဖိုး အဖွား ၂ယောက်တည်း ဆိုတော့ သူ့သမီးကြီးရဲ့ နာမည်နဲ့ ခေါ်ပေး တာပါ။ လုပ်ခကတော့ အဖိုးနဲ့ အဖွားက ပေးတာပါ။ ပွဲစားက လုပ်ခ ဒေါ်လာ ၃၅၀နဲ့ ပြောထားပေးမဲ့ လစာ ပေးတဲ့နေ့မှာ ဒေါ်လာ ၃၂၀ နဲ့ လက်မှတ်ထိုး ယူရပါတယ်။ ကျမရဲ့ အလုပ်ရှင် သူတို့ သမီးကို အကျိုး အကြောင်း ပြောပြတော့ သူက ဒေါ်လာ၅၀ လစဉ် သူပေးမယ်လို့ ပြောပါတယ်။ ကျမ ပြောချင်တာ သတ်မှတ်ထားတဲ့ လခကိုတော့ ပြည့်အောင် တောင်းဘို့ ဆိုလိုတာပါ။ ရသင့်ရထိုက် သလောက် သတ်မှတ်ထားချက် ပြည့်အောင် မတောင်းတာကတော့ ကျမတို့ရဲ့ အားနည်းချက်ပါ။ အဲဒီအတွက်နဲ့ အားနာလို့ လိုက်လျောနေရတာမျိုးတော့ မဖြစ်စေပါနဲ့။ ကျမတို့ရဲ့ လုပ်ခဟာ စပျစ်ခြံ ရှင်လိုဘဲ တသမတ်ထဲ သတ်မှတ်ထားပါ။ ကျမတို့ရဲ့ ပွဲစားဟာ စပျစ်ခြံရှင်နဲ့ တူပြီး၊ ကျမတို့ရဲ့ အလုပ်ရှင်က လုပ်ခ ရှင်းပေးရတဲ့ သူနဲ့တူပါတယ်။ ခြံရှင်က အတိအကျ ရှင်းပေးခိုင်း ပေမဲ့ လုပ်ခ ရှင်းပေးသူက ကျမတို့ ပင်ပန်းတာကို သနားဂရုဏာသက်ပြီး သူ့အိတ်ထဲက စိုက်ထုတ်ပေး တတ်တဲ့ အိမ်ရှင်မျိုးနဲ့ တချို့ကြုံရပါတယ်။ ကျမတို့ တွေလဲ စပျစ်ခြံရှင် အလုပ်သမား ခေါ်သလိုဘဲ ရောက်လာကြတဲ့ အချိန်က မတူကြ ပါဘူး။ ကျမထက် စောရောက်တဲ့ သူတွေရှိသလို နောက်ကျမှ ရောက်လာတဲ့ သူတွေ လဲရှိ၊ ယခုမှ ရောက်လာကြတဲ့ သူတွေလဲရှိ ကြပါတယ်။ ယခုမှ ရောက်တဲ့သူတွေက ကျမ တို့ထက် လစာပို ရကြပါတယ်။ ဒီတော့ အရင်နှစ် တော်တော်များများက ရောက် ထားတဲ့ ကျမတို့ လုပ်ခတိုး ရဘို့ မျှော်မှန်း ကြပါတယ်။ လစာမတိုး ပေးလို့ ၂နှစ်ပြည့်ပြီး ဆို အလုပ်ပြောင်းကြ။ အနောက်တိုင်းသားအိမ်မှာ ပိုရတယ်ဆိုပြီး သွားလုပ်ကြ။ တချို့ ကလည်း ဘွဲ့လက်မှတ်ရှိတော့ အဆင့်မြင့်တဲ့ အလုပ်ပြောင်းဘို့ ပြင်ကြ။ လုပ်ခ အတွက်နဲ့ စိတ်ပင်ပန်း၊ လူပင်ပန်း၊ ငွေကုန်သံ တွေလဲ ကြားရပါတယ်။ တကယ်တော့ ကျမတို့ အတွက် ဘွဲ့လက်မှတ်က အရေးမကြီးဘဲ အလုပ်က အရေးကြီးပါတယ်။ ကျမရဲ့ တူတစ်ယောက်တောင် စင်္ကာပူမှာ ကျောင်းပြီးပြီ အလုပ်ဝင်တာ ကြာပေမဲ့ လခ မတိုးလို့ ပြောပြဘူးပါတယ်။

သာဓကလေးတခု မှတ်သားဘူးပါတယ်။ သူ့မှာ ကျောင်းနေဖက် သူငယ်ချင်း ၂ယောက်ရှိတယ်။ တစ်ယောက်က ဆယ်တန်းဘဲ အောင်ပြီး တစ်ယောက်က ဘွဲ့ရပါ။ ဘွဲ့ရတဲ့ သူငယ်ချင်းက မြန်မာပြည်မှာ Taxi မောင်းစား ရပြီး၊ ဆယ်တန်းအောင် သူက စင်္ကာပူ နိုင်ငံမှာ ပန်ကာအောက် စာရေးလုပ်ပြီး ဒေါ်လာစား နေရပါတယ်။ အိမ် အလုပ် လုပ်နေတဲ့ ညီမတွေလည်း အချို့က ခြေခံပညာ အထက်တန်းအဆင့်၊ အချို့က အနီးသင်၊ အဂေးသင် တက္ကသိုလ်တွေ တက်ပြီး သိပ္ပံဘွဲ့၊ ဝိဇ္ဇာဘွဲ့ စတဲ့ ပညာရေးဘွဲ့ လက်မှတ်တွေ ရှိထားသလို အချို့ဆို လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးမှု၌ပါ ပညာရေး တက္ကသိုလ် ဘွဲ့လွန်ဆရာ အတတ်ပညာ ဒီပလိုမာ လက်မှတ် ရှိထားသူတွေတောင် အနိမ့်ဆုံး အလုပ်မှာ လာရောက်လုပ်ကိုင် နေကြပါတယ်။ ဂုဏ်ယူချီးကျူး စရာပါဘဲ။ ကျမတို့တွေ ပင်ပန်း ကြပါတယ်။ ဒါပေမဲ့ မိသားစုအတွက် အစေခံဝန်ထမ်းကြရပါတယ်။ ဒါလဲ ပေးဆပ်ခြင်း တစ်ပါးပါဘဲ။ သင့်ကြောင့် သူတစ်ပါး ကောင်းကြီးခံစားရတာဟာ နောင်ကာလအတွက် ပြင်ဆင်ခြင်းပါဘဲ။ အသက်တာ အဆုံးမတိုင်မီ လုပ်ခရဲ့ နောက် ကွယ်က မမြင်နိုင်တဲ့ ကျေးဇူးတရားတွေ ခံစားရမှာပါ။ ယနေ့ ကျမတို့ မိမိကိုင်ဆောင် ထားတဲ့ဘွဲ့ လက်မှတ်နဲ့ အထက်တန်းစား အလုပ်။ အလယ်အလတ် အလုပ် စတဲ့ လုပ်ခ များများရဘို့ မျှော်လင့် နေကြရင်တော့ မဿဲ ၂၀ ထဲက နောက်ကျသူများ၏ ခံယူချက်လို ပေးချင်သလောက်ပေးပါ။ ဒါပေမဲ့ အလုပ်တခုတော့ ပေးပါဆိုတဲ့ ဥပမာကို သတိရပြီး၊ အများအကျိုးအတွက် မိသားစုအတွက် လုပ်ဆောင်နေသူများ လုပ်ခကို အဓိက မထားဘဲ အလုပ်ကို ဘဝရဲ့ အဓိက ကဏ္ဍ အဖြစ် သတ်မှတ်ထားစေချင်ပါ တယ်။ လုပ်ခ ရဘို့ အလုပ်ကို စားဝတ်နေရေး အတွက် ပိုက်ဆံရရန် နည်းလမ်း အဖြစ် သတ်မှတ်ထားမယ် ဆိုရင် လုပ်ခရဲ့ နောက်ကွယ်က မရေတွက်နိုင်တဲ့ ကျေးဇူးတရား များကို ခံစားရရှိတတ်မှာ မဟုတ်ပါဘူး။ တခါ တလေ ကျမတို့အတွက် မမြင်သာတဲ့ အရာဟာ မြင်သာတဲ့ အရာထက် အကျိုး ကျေးဇူးရှိတာ ဖြစ်တတ်ပါတယ်။ အဲဒါကို ခံယူတတ်ဖို့ သတိပေးချင်ပါတယ်။ ကျမရဲ့ ခံယူချက် မဟုတ်ဘဲ နိယာမ တခုလို သဘောထားကြရအောင်။ ဥပမာ ပြောရရင် ကျမ တခါ တစ်လေ စာအိတ်နဲ့ အဖိုး အဖွားရဲ့ သားထံက အပိုဆုကြေးအဖြစ် ဒေါ်လာပိုက်ဆံ ရဖူး ပါတယ်။ စာအိတ်ထဲက ဒေါ်လာက ကျမ ခဏ သုံးလိုက်ရင် ကုန်သွားနိုင်ပေမဲ့ စာအိတ် မှာ ရေးထားတဲ့ စာကြောင်းက (Thank you for your hard work, God bless you) (Thank you good take care of Ahma. God bless you) စတဲ့ စကား လုံးလေးတွေဟာ ကိုယ့်ကို အားရကျေနပ် ဂုဏ်ယူဝမ်းမြောက်မိပါတယ်။ “အလုပ် ဟူသမျှ ဂုဏ်ရှိစွ” မြန်မာစကားပုံ အရမ်းကို ရိုးစင်းပါတယ်။ “ကုသိုလ်လည်းရ ဝမ်းလည်းဝ” လို့လဲဆိုကြပါသေးတယ်။ ယနေ့ လူတော်တော်များများဟာ အလုပ် ရှိသော်လည်း လုပ်ခ နည်းနေလို့ လုပ်သက် ကြာပြီ လုပ်ခ မတိုးလို့၊ မိမိရဲ့ ဘွဲ့ လက်မှတ်နဲ့ ရာထူးတိုးဘို့၊ လုပ်ခတိုးဘို့၊ အတွေးရိုင်း ဝင်နေကြ သူတွေလည်း ရှိပါတယ်။ ကျမလဲ အပါအဝင်ပါဘဲ။ ခရစ်ယာန် အသက်တာနဲ့ မကိုက်ညီတဲ့ ညစ်ညမ်းတဲ့ အတွေးအခေါ် အယူအဆတွေ မရှိကြဖို့ သတိ ပေးချင် ပါတယ်။ ကျမ ကိုယ်တိုင် ကြုံခဲ့ရလို့ ဝန်ချ တောင်းပန်ချင်ပါတယ်။ “ ငါ့ လုပ်သက်က ၆နှစ် ကျော်ပြီ ငါက Nurse Aid မို့လို့ ငါလုပ်နေရတာက Nurse တစ်ယောက်ရဲ့ အလုပ် နေ့ရော ညပါ လုပ်နေ ရတော့ လုပ်ခ ၂ဆ လိုချင်တယ် ရသင့်တယ်” စတဲ့ စာတန်ရဲ့ တွန်းအားနဲ့ နလုံးသားက မပါဘဲ နှုတ်ကဖွင့်ဟ ခဲ့ဖူးပါတယ်။ ကြားရတဲ့ သူတွေ အတွက် ဟုတ်လှ ချည်ရဲ့လို့ ထင်ရ ပေမဲ့ ဘုရားရှင်ရဲ့ အရှေ့မှာ အင်မတန် ရှက်ဘို့ ကောင်းပါတယ်။ ကျမ တို့တွေ ဒီလို အကြောင်းအရာနဲ့ ပတ်သတ်ပြီး ဆင်ခြင် သတိထား ကြရအောင်။ အချိန်မှီ ဝန်ချ တောင်းပန်ကြရအောင်။ ဒီလိုမျိုး ဆက် မလုပ် မိဘို့ သခင်မြတ်နိုးသော ကျွန်ဖြစ်ဖို့ တိုက်တွန်း အားပေးချင်ပါတယ်။ ဟေရှာယ ၄၂း၁-၄၊ မဿဲ ၁၂း၁၅-၂၁ တို့ကို ဖတ်ပြီး ဂိညာဉ် ခွန်အား ယူကြစို့။ ၁ယာ ၈း၃၂ တွင် သင်တို့ ဟာ သမ္မာတရားကို သိကြတဲ့ အတွက် ကြောင့် သမ္မာတရားက သင်တို့ကို လွတ်ခြင်း အခွင့်ပေးလိမ့်မည် ဟု မိန့်တော် မူပါတယ်။ ချစ်သောမိတ်ဆွေ ယနေ့ လုပ်ခ နည်းပြီး အလုပ်ရှင်က ခေါင်းပုံဖြတ်သည်လို့ ထင်ရပါက ကောလောသဲ၃း၂၃-၂၄ကို ဆောင်ပုဒ် အဖြစ် သတိရပါ။ အလုပ်ကို လုပ်ခလို့သာ သတိ မထားဘဲ မေတ္တာတရား ရှေ့ ထားကာ ဖွဲ၊ လုံ့လ၊ ဂိရိယများထားပြီး ကြိုးစား လုပ်ဆောင်ပါ။ ကျမတို့ဟာ ခရစ်တော်၌ အလုပ်လုပ်သောသူများ ဖြစ်ပါစေ။ ဒါဆို လုပ်ခ အတွက် ခရစ်တော်ရဲ့ ကတိစကားဟာ ကျမတို့ အတွက်ပြည့်စုံ ပါလိမ့်မယ်။ ဗျာဒိတ်ကျမ်း ၂၂း၁၂ ငါသည် အလျင်အမြန်လာမည်။ ငါသည် အကျိုးအပြစ်ကို ဆောင်ခဲ့ သည်ဖြစ်၍ လူအသီးသီး တို့အား မိမိတို့ အကျင့်အတိုင်း ဆပ်ပေးမည်။ ခရစ်တော်က သူ မကြာမီလာမည်။ သူနဲ့အတူ ဆုလာဒ်များ ယူဆောင်လာမည်။ မိမိ ပြုခဲ့သော အရာ များအတွက် သူပြန်ဆပ် ပေးမည်ဟု ကတိတော်ရှိပါတယ်။ ယုံကြည်သူ ညီအစ်ကိုမောင်နှမ အယောက်စီတိုင်း ခရစ်တော် ယူ ဆောင်လာမည့် ဆုလာဒ် များကို ထိုက်တန်စွာ ရရှိကြမည်ဖြစ်ပါသည်။ ယုံကြည် စိတ်ချပါ။။

---

## ဝေငှချက် (ဝါးဝါး) ဝေငှချက်



Saya, ဝါး ဒီမှာနေတာ ၂နှစ်တောင် ကျော်ခဲ့ပြီ။ ကျေးဇူးတော်ဖြင့် အဆိုးထဲက အကောင်းတွေ ခံစားရပါတယ်။ ဝါး တခါမှ ဝါးရဲ့ကိုယ်ပိုင်ဘုရားကျောင်းမရောက်ဖူးသေး ဘူး။ ဝါးစာအုပ်တစ်အုပ်မှာ ဒီစာပိုဒ်လေးဖတ်ရလို့ အားရှိပြီးခွန်အားယူပါတယ်။ ဝါး လည်း ပြန်ပြီး သူငယ်ချင်းတွေကို ဝေငှချင်ပါတယ်။ Church is not the only place where God lives. No matter where we are, God is with us, God also lives in heaven, eventually we will live there too. Wherever you go today, remember that God is with you and will never leave you. သမီး ဆုတောင်း ချက် အနန္တတန်ခိုးနှင့် ပြည့်စုံ၍ ခပ်သိမ်းသော အမှုကို တတ်စွမ်းတော်မူသော အဖ ဘုရား အဖဘုရား၏ကျေးဇူးတော်၊ ကောင်းမြတ်ခဲ့သော အရာအားလုံး သာမက သမီး အတွက် ကားတိုင်မှာ အသေခံ အသက်ပေးချစ်ခဲ့သော ကိုယ်တော်ဘုရား ကိုယ်တော် ကို ကျေးဇူးတင်ပါတယ်။ သမီးရဲ့ မိုက်မဲလှသော အပြစ်အတွက် ကားတိုင်မှာ ကိုယ်တော် ယူဆောင် ပေးခဲ့တယ်။ ကိုယ်တော် ဘုရား၏ ဘုန်းနာမသည် ကမ္ဘာအဆက်ဆက် တည်ရှိပါစေ။

အဖဘုရား သမီးရဲ့ မိုက်ပြစ် တွေကို ခွင့်လွှတ်ပေးမူပါ။ သမီးရဲ့ အသက်တာမှာ မကောင်းမှုန်းသိလျှက်နဲ့ ကိုယ်တော် မကြိုက်မှန်း သိလျှက်နဲ့ မိုက်ပြစ်တွေ ကျူးလွန် ခဲ့ပါတယ်။ သမီးဘယ်လောက်ပဲ မိုက်ခဲ့ပါစေ။ ကိုယ်တော် ခွင့်လွှတ်ပေးခဲ့တယ်။ ကောင်းကြီး အဆက်မပြတ် ပေးနေခဲ့တယ်။ ခွင့်လွှတ်ပါ ကိုယ်တော် သမီးကို ခွင့်လွှတ် ပေးပါ။ သမီးလည်း ကိုယ်တော် ခွင့်လွှတ်ပေးတဲ့ ကျေးဇူးတွေ ချီးမွမ်းရင်းနဲ့ အသက်တာ မပောင်း နွမ်း မပျက်စီးနေဘဲ။ လန်းဆန်းတက်ကြွသော အသက် တာဖြင့် ရှင်သန် လျှောက်လှမ်း စေပါ။ သမီးရဲ့ နလုံးသားကိုလည်း ပြုပြင်ပေးပါ။ သွန်သင် လမ်းပြပါ။ ကိုယ်တော်။ သမီးကိုခွင့်လွှတ်ပေးမူပါ။ သမီး နောက်ထပ် ကိုယ်တော် ဘုရား မကြိုက် နစ်သက်သော အပြုအမူ အပြစ်မျိုး မလုပ်ခင်မှာ ကိုယ်တော်ကို သတိ ရစေပါ။ ကား တိုင်မှာ သမီးအတွက် အပြစ်ကြွေး သခင်ခရစ်တော် ယူဆောင်ပေးခဲ့တာ သခင် ခရစ် တော်ရဲ့ နာကျင်လွန်းလှတဲ့ ဒဏ်ရာ ဒဏ်ချက်တွေကို အစဉ်သတိရစေပါ။ ကိုယ်တော် ရဲ့ နိုင်ငံတော်ကို အောက်မေ့ သတိရစေပါ။ အမှားတွေ မကျူးလွန်ခင်မှာ သတိ ရစေပါ။ အမှားတွေ ကျူးလွန်ပြီးမှ အမှားတွေအတွက် အမြဲတမ်း ချည်နှောင် ပတ်ရစ်ပြီး နောင်တရတာထက် မလုပ်မိခင်မှာ ကိုယ်တော်ကို သတိရစေပါ။ နလုံးသား အကြွင်းမဲ့ ကိုယ်တော်ထံ ဝန်ချ ဆုတောင်းပါတယ် အဖဘုရား။ ။ အာမင်။ ။ Wah Wah

---



မည်သူမဆို စာမူများ ရေးသား ပေးပို့နိုင်ပါသည်။ Email; thelordword@gmail.com (Phone; 81222320)
Min AungThet Lwin, Blk 76A, #30-02, Red hill road, S'pore 151076
Facebook; lord's word and lord's heart. (www.thelordword.com, www.murann.com, www.jbcs.org.sg)